ရက္ခိုင်အရေးဆောင်းပါးများ စုစည်းမှု

မင်းသေ့ - ရေးတယ်

၂၀၂၂ ခုနှစ် ဧပြီလ ၉ ရက်နေ့မှာ ဖြန့်ချိတယ်။

၁။ နိုင်ငံတစ်ခု မွေးဖွားခြင်း

၂။ ရခိုင်လူမျိုး ဗမာ့ဝံသာနုနိုင်ငံရေးရှေ့ဆောင်ဆရာတော် ဦးဥတ္တမ

၃။ ရက္ခိုင့်နိုင်ငံတော်အိပ်မက်

၄။ ရက္ခိုင်အမျိုးသားရေးညို့ခေတ်

၅။ မြန်မာပြည်မြေပုံသစ်အလားအလာနဲ့ ရက္ခိုင်နိုင်ငံတော်

၆။ ရက္ခိုင်တို့၏ သဘောထား

(မနက်ဖြန်)

၂၀၂၂ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ဟာ

ရက္ခိုင့်တပ်တော် (အေအေ) ရဲ့ (၁၃) နှစ်မြောက် ရက္ခိုင့်တပ်တော်နေ့ ဖြစ်ပါတယ်။

ဒါ့ကြောင့် ရေးသားထားပြီးတဲ့ ရက္ခိုင့်အရေးဆောင်းပါးတချို့ကို အထိမ်းအမှတ်အဖြစ် ဖြန့်ချိပါတယ်။

လွန်ခဲ့သော (၁၃) နှစ်၊

၂၀၀၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ ၊ ကချင်ပြည်နယ် လိုင်ဇာမှာ

ရက္ခိုင့်တပ်တော် (အေအေ)ကို တည်ထောင်ဖွဲ့စည်းခဲ့တယ်။


ကွန်ပက်ဒရေးရှင်း အိပ်မက်မှသည်
နိုင်ငံသစ်ဆီသို့
မင်းသော့ ရေးတယ်
နိုင်ငံသစ်ထူထောင်ခြင်း
ကွန်ဖက်ဒရေးရှင်း
ဖက်ဒရယ်
ဒီမိုကရေစီ
၂၀၂၂ ဖေဖော်ဝါရီ ၂၁

နိုင်ငံတစ်ခု မွေးဖွားခြင်း

“Political Will” ဆိုတာကို နိုင်ငံရေးစိတ်ဆန္ဒလို့ အနက်ဖွင့်ရမယ် ထင်ပါတယ်။ ဒီနေရာမှာ နိုင်ငံရေးရည်မှန်းချက်လို့ မသုံးချင်ပါဘူး။ နိုင်ငံရေးစိတ်ဆန္ဒလို့ပဲ သုံးနှုန်းချင်ပါတယ်။ ငယ်ရွယ်စဉ်တုန်းက ဘဝတိုးတက်အောင်မြင်ရေး စာတွေကို အဖတ်များပြီး၊ ဒီစာပေတွေဟာ ဒဿနိကဗေဒနယ်က တက္ကဗေဒနဲ့ နီးနွယ်နေတယ်ဆိုတာလည်း နားလည်ရတယ်။ “စိတ်နေမြင့်မှ ဘဝမြင့်မယ်” ဆိုတဲ့ လော့ဂျစ်ကိုလည်း တွေ့ရတယ်။ တက်ကျမ်းဆရာ ဖေမြင့်တောင် ရေးတယ် မဟုတ်လား။ ချုံကြားမှ ဘုံဖျားသို့ ဆိုလား မသိ။ ဒီတော့ စိတ်နေမြင့်အောင် မြှင့်ပေးမှ၊ ဘဝကလည်း မြင့်မယ်ဆိုတဲ့ သဘောကို တွေ့ရတယ်။ ဒါကို ဆရာကြီး ပီမိုးနင်းကလည်း သူ့ရဲ့ ဘဝတိုးတက်ရေးစာအုပ်တွေမှာ အမြောက်အမြားထည့်သွင်းရေးသားတာတွေ့ရပါတယ်။ ကိုယ့်စိတ်ကိုမှ မြင့်အောင် မထားရင်၊ ဘဝကလည်း နိမ့်ပြီးရင်း နိမ့်နေမှပဲ။ ဒီတော့ ရည်မှန်းချက်ထားရင် မြင့်မြင့်သာထား… လို့ တက်ကျမ်းဆရာတွေက ဟောပြောလေ့ရှိပါတယ်။ ယုတ္တိဗေဒရဲ့အလိုအရ၊ ဒါကလည်း မှန်သင့်သလောက်မှန်ပါတယ်။ ထားတော့။

နိုင်ငံရေးသတ္တမဓော

ဒီနေရာမှာ နိုင်ငံရေးစိတ်ဓောဟာ ဘာကို ဗဟိုပြုနေသလဲ။ ဘယ်ကို ဦးတည်နေသလဲ၊ ဘယ်ကို မှန်းထားသလဲ ဆိုတာ လေ့လာရမယ် ထင်ပါတယ်။ “ခွဲထွက်ရေး” ဆိုတာကို ဘယ်တော့မှ မပြောတော့ဘဲ၊ ဖက်ဒရယ်ကိုသာ ဖိပြောနေတဲ့အချိန်မှာ၊ “ကွန်ဖက်ဒရေးရှင်း” အထိ ထုတ်ပြောဝံ့တာ ဘယ်သူလဲ။ ဒါဟာ ဘယ်သူဘယ်ဝါဆိုတာထက် နိုင်ငံရေးစိတ်ဓောရဲ့ အရည်အသွေးကို ပြနေပါတယ်။ ထိုနည်းလည်းကောင်း နိုင်ငံရေးမျှော်မှန်းချက်ကို ပြသနေသလို၊ သမားရိုးကျ ဇာတ်ညွှန်းဘောင်ထဲကနေ ထွက်ပြီး ရည်မှန်းချက် ထားတယ်ဆိုတာကို ထင်ထင်ရှားရှား ပြနေပါတယ်။ ၂၀၁၅ - ၂၀၂၀ ခုနှစ်ကြားကာလဟာ၊ သမားရိုးကျ စတိုရီဘောင်ထဲမှာပဲ ရှိနေတဲ့ကာလပါ။

- (၁) စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းစေလိုတယ်၊
- (၂) ထို့နောက်… ဒီမိုကရေစီ ခိုင်မာကျစ်လစ်လိုတယ်၊
- (၃) ပြီးမှ၊ ဖက်ဒရယ်စနစ်ကို သွတ်သွင်းတည်ဆောက်မယ်၊
- (၄) ကွန်ဖက်ဒရေးရှင်းဆိုတာကို မစဉ်းစားသေးဘူး၊
- (၅) နိုင်ငံသစ် ခွဲထွက်ထူထောင်ဖို့ဆိုတာ ဝေလာဝေး။

စသည်ဖြင့်…. ၊ ဒီလို သမားရိုးကျ အစဉ်အလာစဉ်းစားချက် ဘောင်ထဲကနေ မထွက်ခဲ့ပါဘူး။ ဒီဇာတ်ညွှန်းကို စချိုးဖျက်သူဟာ ဘယ်သူဖြစ်ပါသလဲ။ ဘယ်သူမှ မစဉ်းစားသေးဘူး…ဆိုတဲ့ ကွန်ဖက်ဒရေးရှင်းကို စစဉ်းစားလာခဲ့ပါတယ်။

ကာယကံမြောက် အိပ်မက်တွေ

“အိပ်မက်” မှာ “လုံ့လ” ပါလာပြီဆိုရင်၊ ဒါဟာ မဖြစ်နိုင်ဘူးလို့ မပြောနိုင်တော့ပါ။ ဖြစ်နိုင်ပါတယ်။ ထို့နောက် ကိုယ့်ရဲ့ ဆန္ဒကို အဓိပတိထားပြီး ကြိုးစားလာတဲ့ ဆန္ဒဓိပတိအဆင့်ရောက်လာရင်၊ အိပ်မက်ဟာ တကယ်ဖြစ်လာ

တော့မယ်။ ဆန္ဒဓိပတိမှာ ဝီရိယာဓိပတိထပ်ပြီး ယှဉ်တွဲလိုက်ရင်၊ ဒါဟာ ပိုနီးစပ်လာပြီ။ သူ့ကို အိပ်မက်လို့တောင် မပြောနိုင်တော့ဘူး။ နောက်ထပ် ဝီရိယာဓိပတိမှာ၊ ပညာဓိပတိ ထပ်ပြီး လိုက်လာရင်တော့၊ ဒါဟာ တကယ်ဖြစ်လာတော့မယ်။ အဟုတ်ဖြစ်လာတော့မယ်။ ဒီတော့ ချုပ်လိုက်ရင်… အိပ်မက်တွေကို အိပ်မက်အတိုင်းသာ စိတ်ကူးယဉ် အာသာဖြေအဆင့်လောက်သာ ထားရင် အိပ်မက်ဟာ လေထဲမှာပဲ ရှိနေပါတယ်။

မဖြစ်သေးတာပဲ ရှိတယ်

အိပ်မက်ကို ဆန္ဒဓိပတိအဖြစ် ပြောင်းမယ်။ ဆန္ဒဓိပတိကိုလည်း ဝီရိယဓိပတိနဲ့ ကပ်ပြီး ပိုးထားမယ်။ ဝီရိယလုံ့လ ထုတ်တဲ့နေရာမှာလည်း ပညာပါလာပြီဆိုရင်၊ ဒါဟာ တကယ်ဖြစ်လာမယ်လို့ ယုံကြည်နေရပြီ။ လက်တွေ့ ကာယကံမြောက်အားထုတ်နေသူတွေမှာ မဖြစ်နိုင်တာ မရှိဘူး၊ မဖြစ်သေးတာပဲ ရှိတယ်လို့ ယုံကြည်ပါတယ်။

ဖက်ဒရယ်ဆိုတာ တစ်သံတည်းထွက်ဖို့

မြန်မာလူထုဟာ ဒီမိုကရေစီအိပ်မက်ကို လက်တွေ့အဖြစ် ဖြစ်ဖြစ်မြောက်မြောက်ရအောင် အကောင်အထည်ဖော်ရမယ်လို့ လုပ်ခဲ့ရှိသေးတယ်၊ နောက်ကြောင်းပြန် အာဏာသိမ်းခံခဲ့ရပါတယ်။ ဒီတော့ ယခင်တုန်းက ဖက်ဒရယ်ဆိုတာကို ကျယ်ကျယ်လောင်လောင် မအော်တတ်သေးတဲ့ မြန်မာလူထုဟာ ဖက်ဒရယ်ဆိုတာကို အခုကျယ်ကျယ်လောင်လောင် အော်နိုင်စွမ်း ရှိလာပြီ။ ၈၈၈၈ လူထုအရေးတော်ပုံမှာ စစ်အာဏာရှင်စနစ်ဖြုတ်ချရေးနဲ့ ဒီမိုကရေစီရေးမှာတင် တစ်နေတဲ့ နိုင်ငံရေးစိတ်ဆန္ဒဟာ၊ နှစ်ပေါင်း (၃၀) ကျော်ကြာအပြီးမှာတော့ ဖက်ဒရယ် ဒီမိုကရေစီဆိုတဲ့ ရပ်ခံချက်အပေါ်မှာ တစ်ပြည်လုံးရောက်လာခဲ့တယ်။ ဖက်ဒရယ်ဆိုတာကို တစ်နိုင်ငံလုံး တစ်ညီတစ်ညွတ်တည်း အော်နိုင်ဖို့အတွက် နှစ်ပေါင်း (၃၀) ကျော်လောက် စောင့်ရသတဲ့လား။ ဒါတောင် စစ်အာဏာသိမ်းလိုက်လို့ ဗမာပြည်မက လူထုအားလုံးက ဖက်ဒရယ်ဆိုတာကို တောကြို့အုံကြားပါမကျန် အော်နိုင်စွမ်း ရှိလာတာလို့ ပြောနိုင်တယ်။ အာဏာမျှား မသိမ်းရင်၊ ဒီမိုကရေစီလောက်တင် တစ်နေမှာ မြင်ယောင်မိတယ်။

ဘယ်သူ ဘယ်လောက်မှန်းရဲသလဲ

ဖက်ဒရယ်လို့ ပြောပြီဆိုရင် ဒီမိုကရေစီရောပါရဲ့လားလို့ မေးနေစရာ မလိုပါ။ ဘွဲ့ရပြီးတဲ့သူကို ဆယ်တန်းအောင်လက်မှတ်ရှိလားလို့ မေးစရာ မလိုတော့ပါ။ ဘွဲ့ရဖို့တောင် အနိုင်နိုင်ဖြစ်နေတဲ့ ကာလမှာတုန်းက မဟာဘွဲ့အထိ ရအောင် လုပ်ချင်တယ်လို့ ပြောတဲ့သူဟာ မရူးပါ။ စိတ်ဆန္ဒပြင်းပြတာဖြစ်ပါတယ်။ ရည်မှန်းချက်ကြီးတာဖြစ်ပါတယ်။ နံဘေးမှာ ဆယ်တန်းအောင်ဖို့တောင် မနည်းလုပ်နေရတဲ့သူတွေက မဟာဘွဲ့ရချင်တယ် ပြောတဲ့သူကို အရူးလို့ ပြောကောင်း ပြောမှာပေါ့။ အခုတော့ မဟာဘွဲ့တောင် မဟုတ်ဘူး၊ ပါရဂူဘွဲ့ (ဒေါက်တာဘွဲ့) အထိပါ ယူဖို့ ဖြစ်နိုင်တော့မယ်လို့ ယူဆလို့ ရနေပြီ။ ဒီတော့ သူတို့ ပြောခဲ့တဲ့သူဟာ မရူးဘူးဆိုတာကို နားလည်နေလောက်ပါပြီ။ တကယ် ညံ့နေတာ ဘယ်သူတွေလဲဆိုတာ ပေါ်လွင်နေပါပြီ။ ထားပါ။ ဘယ်သူက ညံ့တယ် မညံ့ဘူးဆိုတာကို ပြောချင်တာ မဟုတ်ပါ။ နိုင်ငံရေးအမြော်အမြင်မှာ ဘယ်သူ ဘယ်လောက် မှန်းရဲတဲ့သတ္တိရှိသလဲဆိုတာကို ပြချင်တာ ဖြစ်ပါတယ်။

မုန်းရဲတဲ့ သတ္တိရဲ့နောက်ကွယ်

မုန်းရဲတဲ့သတ္တိရဲ့ နောက်ကွယ်မှာ၊ ဖြစ်အောင် လုပ်နိုင်စွမ်းရှိတယ်ဆိုတဲ့ စွမ်းရည်နဲ့ ဝီရိယရှိထားတယ်ဆိုတာ မမေ့သင့်ပါဘူး။ အခုတော့ ကွန်ဖက်ဒရေးရှင်းလောက်ကို အသာထား၊ နိုင်ငံသစ်အထိ မုန်းဖို့ လုပ်နေပြီ။ နိုင်ငံသစ်ဆိုတဲ့ စိတ်ဆန္ဒအားကိုလည်း သိုင်းဝိုင်းစုဖွဲ့နေပြီ၊ ဆန္ဒရဲ့နောက်မှာလည်း ဝီရိယ ထပ် ပေါင်းထည့်နေပြီ။ ဝီရိယကိုလည်း ပညာနဲ့ ယှဉ်စေနေပြီဆိုရင်၊ သေချာတယ်။ မြန်မာ့နွေဦး အကျပ်အတည်းဟာ အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်မယ့် ကွင်းပြင် ဖြစ်ကို ဖြစ်လာလိမ့်မယ်လို့ ယူဆရပါတယ်။

ကျနော့် လက်စွဲ

ကျနော် တက္ကသိုလ်ကျောင်းသားဘဝတုန်းက၊ ကျနော့် စာကြည့်ခန်း နံရံမှာ ကျနော် မြေဖြူနဲ့ ရှင်းရှင်းကြီး ရေးထားတဲ့ စကားတစ်ခု ရှိတယ်။ အဲဒါကတော့….

- တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်….တဲ့။

မင်းသော့

ညနေ ၅း၂၃

၂၁၊ ဖေဖော်ဝါရီ၊ ၂၀၂၂။

ရခိုင်လူမျိုး ဗမာ့ဝံသာနုနိုင်ငံရေးရှေ့ဆောင် ဆရာတော် ဦးဥတ္တမ

ဆရာတော် ဦးဥတ္တမဟာ ရခိုင်လူမျိုး ပညာတတ် ရဟန်းတစ်ပါးဖြစ်ပါတယ်။ ဦးဥတ္တမဟာ သာမန်ပညာတတ် ရဟန်းတစ်ပါး မဟုတ်ပါဘူး။ ပါဠိ ပိဋကတ်ကိုသာ တတ်ကျွမ်းတဲ့ ရဟန်းလည်း မဟုတ်ပါဘူး။ အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်တယ်။ ပါဠိ ပိဋကတ်ကိုလည်း ကျွမ်းကျင်တတ်မြောက်တယ်။ နိုင်ငံတကာကို ခရီးသွားလာ၊ လှည့်ပတ်ပြီးတော့ အထွေထွေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ဘာသာရေး အခြေအနေတွေကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ထားတဲ့ ရဟန်းတစ်ပါးဖြစ်ပါတယ်။

သမားရိုးကျ ဘုန်းကြီး မဟုတ်

မြန်မာပြည်တွင်းက ဗုဒ္ဓဘာသာ ဘုန်းကြီးတွေဟာ သမားရိုးကျနည်းအတိုင်း ရဟန်းပြုနေချိန်မှာ၊ ခေတ်အမြင် ခေတ်အတွေးအခေါ်နဲ့ ကမ္ဘာ့နိုင်ငံတွေကို ခြေဆန့်သွားလာပြီး အသိအမြင်ကျယ်ပြန့်အောင် လုပ်နိုင်ခဲ့သူဟာ ဆရာတော် ဦးဥတ္တမပဲ ဖြစ်ပါတယ်။ ပါဠိ ပိဋကတ်ကို ကျွမ်းကျင်တယ်။ သက္ကတကို တတ်မြောက်တယ်။ ဘင်္ဂလီနဲ့ နာဂရီစာတွေကို လေ့လာသင်ကြားခဲ့ဖူးတယ်။ ဦးဥတ္တမဟာ နိုင်ငံပေါင်းစုံကို လှည့်လည်သွားလာနေထိုင်ခဲ့တယ်။ ဆရာတော် ဦးဥတ္တမဟာ၊ အိန္ဒိယ ကာလကတ္တားကိုလည်း ရောက်တယ်။ ကာလကတ္တားမှာ အင်္ဂလိပ်စာ သင်တယ်။ အဲသည့်ကနေ ပြင်သစ်၊ ပါရီကို သွားတယ်။ ပြင်သစ်ကနေ အင်္ဂလန်၊ ဂျာမနီ… စတဲ့ နိုင်ငံတွေကို လှည့်လည်တယ်။ ရုရှားနဲ့ ဂျပန် စစ်ဖြစ်တော့၊ ဂျပန်က စစ်ရေးအသာရတယ်။ ရုရှားနဲ့ ယှဉ်ရင် လူဦးရေအရ နည်းပြီး နယ်မြေအရလည်း သေးတဲ့ ဂျပန်လို နိုင်ငံမျိုးက စစ်ရေးအသာရတယ်ဆိုတာကို ဦးဥတ္တမက စိတ်ဝင်စားတယ်။ ဒါ့ကြောင့် ဂျပန်နိုင်ငံကို သွားတယ်။ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ၊ ဗုဒ္ဓဘာသာအသင်းတစ်ခုက တည်ထောင်တဲ့ ကျောင်းမှာ၊ ပါဠိဘာသာ သက္ကတဘာသာ ပါမောက္ခအဖြစ် ဆောင်ရွက်ပြီး ဂျပန်မှာ (၄) နှစ်လောက်နေတယ်။ ပြီးတော့ မြန်မာပြည် အပြန်ခရီးမှာ၊ ကိုရီးယား၊ မန်ချူးရီးယား၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့ကို လှည့်လည်ခဲ့သေးတယ်။ ဒေသန္တရ၊ ဘာသန္တရ နိုင်ငံရေးဗဟုသုတနဲ့ နိုင်ငံအမျိုးမျိုးရဲ့ လူမှုစီးပွားအခြေအနေတွေကို ဆရာတော် ဦးဥတ္တမ နားလည်သဘောပေါက်ခဲ့တယ်။

ဦးဥတ္တမနဲ့ အင်္ဂလိပ်စာ

ဦးဥတ္တမဟာ ရှားရှားပါးပါး အင်္ဂလိပ်စာတတ် ရဟန်းတော် တစ်ပါးလို့ ပြောနိုင်တယ်။ လွတ်လပ်ရေးရပြီး ဗမာပြည်ဖြစ်ပြီးတာတောင် ဗမာဗုဒ္ဓဘာသာ ဘုန်းကြီးတွေကြားထဲမှာ အင်္ဂလိပ်စာ သင်ကြားခြင်းကို ရှုတ်ချပြီး၊ တိရိစ္ဆာနကထာတွေ လို့ ခံယူခဲ့တဲ့ ဗမာဘုန်းတော်ကြီးတွေ အမြောက်အမြား ရှိနေပါသေးတယ်။ ဆရာတော် ဦးဥတ္တမဟာ ၊ သူ့အသက် ဆယ်ကျော်သက်အရွက်ကတည်းက အင်္ဂလိပ်စာ သင်ချင်လွန်းလို့ ပခုက္ကူစာသင်တိုက်တွေမှာ၊ ပါဠိစာပေ သင်ဖို့လို့ မိဘကို အကြောင်းပြပြီး ကာလကတ္တားကို လာပြီး အင်္ဂလိပ်စာကို ကြိုးစားသင်ယူခဲ့သူ ဖြစ်ပါတယ်။ မြန်မာပြည်ရဲ့ မျိုးချစ် ရဟန်းတစ်ပါးဟာ သူ့ကျွန်လက်အောက်က လွတ်ဖို့ တော်လှန်ခဲ့ပေမယ့် ကျွန်စာလို့ ယူဆခဲ့ကြတဲ့ အင်္ဂလိပ်စာကို အပတ်တကုတ် သင်ယူခဲ့သူဆိုတာကို တွေ့ရပါတယ်။ အင်္ဂလိပ်စာကို တတ်မြောက်လို့လည်း ကမ္ဘာ့နိုင်ငံအသီးသီးကို သွားလာနိုင်ခဲ့တယ်။ လှည့်လည်နိုင်ခဲ့တယ်။

ကမ္ဘာကြီး ဘာဖြစ်တယ်ဆိုတာကို သိမြင်နားလည်အောင် လုပ်နိုင်ခဲ့တယ်။ ကာလကတ္တားမှာပဲ၊ ကောလိပ်ကျောင်းတစ်ခုမှာ ပါဠိဘာသာ ပါမောက္ခအဖြစ် ဆောင်ရွက်နိုင်ခဲ့တယ်။

ဆရာတော့် ဖြတ်သန်းမှု

ဆရာတော် ဦးဥတ္တမကို ၁၈၇၉ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နေ့မှာ မွေးဖွားတယ်။ ဇာတိက ရခိုင် စစ်တွေမြို့ဖြစ်တယ်။ ရခိုင်လူမျိုးတစ်ယောက်ဖြစ်ပါတယ်။ စစ်တွေမှာပဲ မူလတန်းပြီးစီးတယ်။ ဘုန်းကြီးကျောင်းသင်ပညာရေးကို ရတယ်။ အင်္ဂလိပ်စာ တတ်ချင်လွန်းလို့၊ အိန္ဒိယ ကာလကတ္တားကို သင်္ကန်းဝတ်နဲ့ အရဲစွန့်သွားတယ်။ ကာလကတ္တားမှာ ငွေကြေးချမ်းသာတဲ့ ရှမ်းအမျိုးသမီးကြီးတစ်ယောက်က မွေးစားလို့ လူဝတ်လဲပြီး အင်္ဂလိပ်စာ သင်တယ်။ ၁၈ နှစ်မှာ ဆယ်တန်းအောင်တယ်။ ၁၈၉၇ ခုနှစ်က ဆရာတော် ကာလကတ္တားမှာ ဆယ်တန်းအောင်တဲ့ ခုနှစ်ဖြစ်တယ်။ နောက်တော့ မြန်မာပြည် ပြန်လာတယ်။ ပခုက္ကူစာသင်တိုက်ကြီးတွေမှာ သင်္ကန်းဝတ်နဲ့ ပါဠိ ပိဋကတ်ကျမ်းတွေကို လေ့လာသင်ယူတယ်။ ဆရာတော် ဦးဥတ္တမ အသက် (၁၉) နှစ်၊ သာမဏေ ဘဝမှာပဲ ပခုက္ကူမှာ ပါဠိကျမ်းဂန်တွေကို သင်ယူနေစဉ်မှာ၊ အင်္ဂလိပ်စာ တတ်ကျွမ်းပြီးသွားပြီဆိုတာကို မမေ့သင့်ပါ။

ဆရာတော် ဦးဥတ္တမ
(၁၈၇၉ - ၁၉၃၉)

ဆရာတော်ဦးဥတ္တမဟာ ရခိုင်လူမျိုး ဖြစ်သည့်အလျောက် ဗမာ့အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုမှာ အရေးပါတဲ့ အခန်းကဏ္ဍ ကနေ ဖောက်ထွက်ဦးဆောင် လမ်းပြ သွန်သင်နိုင်ခဲ့တဲ့ တော်လှန်သောဗုဒ္ဓဘာသာ ရဟန်းတော် တစ်ပါး ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သူရိယသတင်းစာမှာ

ဆရာတော် ဦးဥတ္တမ၊ နိုင်ငံအသီးသီးကို လှည့်လည်ပြီး ပါဠိပါမောက္ခ လုပ်၊ ရဟန်းဝတ်နဲ့ မြန်မာပြည်ပြန်လာတော့ မြန်မာပြည်မှာ ဝိုင်အမ်ဘီအေ အသင်း စတည်ထောင်ခါစ။ ဝိုင်အမ်ဘီအေအသင်းရဲ့ ဝါဒဖြန့်ချိရေးလက်နက်အဖြစ် ပေါ်ထွက်လာတဲ့ သူရိယသတင်းစာ။ ဝိုင်အမ်ဘီအေကို စတင်တည်ထောင်တဲ့ လူပုဂ္ဂိုလ်တွေက လူငယ် လူလတ်ပိုင်း ပညာတတ်တွေ ဖြစ်တယ်။ သူရိယသတင်းစာတိုက်ကို ထောင်တဲ့လူတွေမှာလည်း ဒီလူတွေပါတယ်။ သူတို့တတွေနဲ့ တွေ့ဆုံပြီး ဆရာတော် ဦးဥတ္တမက နိုင်ငံရေးပြဿနာတွေကိုဆွေးနွေးတယ်။ ဆရာတော် ကိုယ်တိုင်ကလည်း သူရိယသတင်းစာမှာ စာတွေ ဝင်ရေးတယ်။ ဒီအချိန်မှာ ဆရာတော့်အသက်က (၃၀) ကျော်လောက်ရှိနေပြီ။ သူရိယသတင်းစာမှာ ဆရာတော်ရေးတဲ့ စာတွေက သူ တွေ့ကြုံခဲ့တဲ့ နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးအတွေ့အကြုံတွေကို မြန်မာပြည်လွတ်လပ်တိုးတက် ကြီးပွားရေးနဲ့ ယှဉ်ပြီး ရေးတယ်။ သူရိယသတင်းစာတိုက်ကို တည်ထောင်သူတွေက အင်္ဂလိပ်စာတတ် လူငယ် လူလတ်ပိုင်း ပညာတတ်တွေ။ သူရိယသတင်းစာက မြန်မာပြည်သူတွေကို စပြီးတော့ နိုင်ငံရေးအသိအမြင်တွေ ဖွင့်ပေးတယ်။ တစ်ဖက်မှာလည်း ဝိုင်အမ်ဘီအေရဲ့ လုပ်ငန်းစဉ်တွေကို သတင်းစာကနေ လူအများ ပါဝင်လာအောင် လှုံ့ဆော်နိုင်ခဲ့တယ်။ ဒီနည်းနဲ့ ဝံသာနုလှုပ်ရှားမှု အရေးတော်ပုံတွေ ပေါ်ထွက်လာတယ်။ မြန်မာပြည်မှာ ဝံသာနု အသင်းတွေ နေရာ အနှံ့အပြား ပေါ်ထွက်လာတာ ဆရာတော် ဦးဥတ္တမရဲ့ တိုက်တွန်းနှိုးဆော်ချက်တွေကြောင့်လို့ ပြောလို့ ရနိုင်တယ်။ အင်္ဂလိပ်အစိုးရကို အာခံ ဖီဆန်တဲ့ ရှေ့ဆောင် လုပ်ရပ်တွေကိုလည်း ဆရာတော် ဦးဥတ္တမက စွန့်ဦးတီထွင် လမ်းပြနိုင်ခဲ့တယ်၊ နမူနာပြနိုင်ခဲ့တယ်။

တော်လှန်ရေးလမ်းညွှန်ချက်

- ကရက်ဒေါက် ထွက်သွား။
- အင်္ဂလိပ် ကုန်ပစ္စည်းတွေ သပိတ်မှောက်ကြ။
- အင်္ဂလိပ်ဆိုင်မှာ မဝယ်နဲ့။
- လိပ်ဆို ဘာလိပ်မှ မကြိုက်။
- တိုင်းရင်းသား ဖြစ်ကို အားပေး။
- ဝံသာနုအထည်တွေ ဝတ်ဆင်ကြ။
- ဗမာတွေ ညီညွတ်ကြ။
- လွတ်လပ်မှ ချမ်းသာမယ်၊ ကြီးပွားမယ်။
- ကိုယ်ပိုင်အုပ်ချုပ်ရေးပေးဖို့ ပြတ်ပြတ်သားသားတောင်းဆိုခဲ့တာတွေ။

စသည်ဖြင့်.... ပြတ်သားရှင်းလင်းတဲ့ နိုင်ငံရေးလမ်းညွှန်ချက်တွေကို ပေးပြီး ဝံသာနုလှုပ်ရှားမှုကို သဘောတရားရေး အရ ဆရာတော်ဦးဥတ္တမက ဦးဆောင်နိုင်ခဲ့တာကို တွေ့ရပါတယ်။

ဝိုင်အမ်ဘီအေက ဦးဆောင်တဲ့ ဝံသာနုလှုပ်ရှားမှုတွေမှာ ဆရာတော် ဦးဥတ္တမရဲ့ အတွေးအခေါ် အိုင်ဒီယာတွေ ပါဝင်ခဲ့တယ်လို့ ယူဆလို့ရတယ်။ တနည်းအားဖြင့် ဆရာတော် ဦးဥတ္တမက အိန္ဒိယရဲ့ အမျိုးသားရေးလှုပ်ရှားမှု ဖြစ်စဉ်တွေကို သိနားလည်တယ်။ အကျွမ်းတဝင် ရှိတယ်။ အိန္ဒိယက ဗြိတိသျှ အင်္ဂလိပ်ကို တော်လှန်တဲ့ ဖြစ်ရပ်တွေ၊ လှုပ်ရှားမှုတွေကို ဆရာတော် ဦးဥတ္တမက ကောင်းကောင်း နားလည်သဘောပေါက်တယ်။ အထူးသဖြင့် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေနဲ့ သပိတ်မှောက်တဲ့ ဖြစ်စဉ်တွေ။

နိုင်ငံရေးစွမ်းဆောင်ချက်တွေ

သမိုင်းမှတ်တမ်းတွေမှာ တွေ့ရတဲ့ ဆရာတော် ဦးဥတ္တမရဲ့ ဟောပြောချက်တွေနဲ့ ရေးသားချက်တွေကို လေ့လာကြည့်ရင်.... ဆရာတော်ဟာ ဗမာပြည် လွတ်မြောက်ရေးအတွက် နိုင်ငံရေးအသိပညာ (Political awareness) ကိုလည်း ပေးခဲ့တယ်။ နိုင်ငံရေးလမ်းညွှန်ချက် (Political Guidelines) တွေကိုလည်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားပေးနိုင်ခဲ့တယ်။ လူထုကိုလည်း ဝံသာနုလှုပ်ရှားမှုမှာ အားတက်ပါဝင်လာအောင် လှုံ့ဆော် (motivation) ပေးနိုင်ခဲ့တယ်။ မှေးမှိန်နေတဲ့ ဗမာပြည်သူတွေရဲ့ စိတ်ကိုလည်း နိုးကြားအောင် ဟောပြောနိုင်စွမ်း ရှိခဲ့တယ်။ အင်္ဂလိပ်ကို ဖီဆန်နေတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေမှာလည်း မဟာဗျူဟာလမ်းညွှန်ချက် (Strategic Choices) တွေ ရအောင် အိုင်ဒီယာပေးနိုင်ခဲ့တယ်။ ကမ္ဘာ့နိုင်ငံတွေရဲ့ တော်လှန်ရေးဖြစ်စဉ် တွေကို နားလည်နေသူမို့၊ မြန်မာပြည်နဲ့ ကိုက်ညီတဲ့ တော်လှန်ရေးနည်းနာ (Revolutionary Methods) တွေကိုလည်း လမ်းပြ သွန်သင်နိုင်ခဲ့တယ်လို့ လေ့လာတွေ့ရှိရတယ်။

ဒီအကြောင်းခြင်းရာကို ကြည့်ရင်၊ ရခိုင်လူမျိုး ပညာတတ် ရဟန်းတော် တစ်ပါးဟာ၊ စစ်မှန်တဲ့ မျိုးချစ်စိတ်နဲ့ မြန်မာပြည်သူ လူထုကို တက်ကြွတဲ့ ဝံသာနုအရေးတော်ပုံကြီးဖြစ်ထွန်းအောင် အုတ်မြစ်ချပေးနိုင်ခဲ့တယ်၊ ပန္နက်ရိုက်ပေးနိုင်ခဲ့တယ်ဆိုတာ ထင်ရှားတယ်။

ဗီဇစရိုက် ပုံစံ

ဆရာတော် ဦးဥတ္တမရဲ့ ကိုယ်ရည်ကိုယ်သွေး ဗီဇစရိုက်ကို လေ့လာကြည့်ရင်၊ ငယ်စဉ်ကတည်းက ပညာကို လိုလားတယ်။ သမားရိုးကျဘောင်ထဲမှာ နေရတာထက်၊ ခေတ်အမြင် ခေတ်အတွေးအခေါ်နဲ့ ကမ္ဘာကြီး ဘာဖြစ်နေတယ်၊ လောကကြီးထဲမှာ လက်တွေ့ ဘာတွေ ဖြစ်ပျက်နေတယ်ဆိုတာကို သိနားလည်ချင်စိတ် ပြင်းပြ ထက်သန်တဲ့သူ တစ်ယောက်ဖြစ်တယ်ဆိုတာ နားလည်ရတယ်။ မျိုးချစ်စိတ်ဓာတ်၊ ဝံသာနုစိတ်အပြည့်ရှိတယ်။ ဒါပေမယ့် တစ်ဖက်ပိတ် မဟုတ်ဘူး။ အင်္ဂလိပ်စာကို ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားပြီး ကမ္ဘာကြီးနဲ့ ဆက်သွယ်ချိတ်ဆက်ချင်စိတ်ရှိတယ်။ ပခုက္ကူစာသင်တိုက်ကြီးတွေကနေ ပါဠိ ပိဋကတ်ကို ဖွဲ့နပ်ပဲနဲ့ သင်ယူတတ်မြောက်ခဲ့လို့ ကာလကတ္တားနဲ့ တိုကျိုတို့မှာ ပါဠိ သက္ကတ ပါမောက္ခအဖြစ် ဆောင်ရွက်နိုင်ခဲ့တယ်။ သင်္ကန်းဝတ် ရဟန်းတစ်ပါးဖြစ်ပေမယ့်၊ နိုင်ငံတကာကို လှည့်လည်ပြီး နိုင်ငံတကာ နိုင်ငံရေး အသိအမြင်တွေ၊ နိုင်ငံတကာ လူမှုစီးပွား အဖြစ်အပျက်တွေကို သိနားလည်အောင် လုပ်နိုင်ခဲ့တယ်။ လောကီနိုင်ငံရေးဖြစ်ရပ်တွေကို

လက်တွေ့ကျကျသိမြင်နားလည်ပြီး ဗမာလူထုအတွက် ကျယ်ပြောတဲ့နိုင်ငံရေးအိုင်ဒီယာတွေကို မိတ်ဆက်ဟောပြောပေးနိုင်ခဲ့တယ်။

အဟိံသလမ်းစဉ်

အင်္ဂလိပ်အစိုးရကို အကြမ်းမဖက်နည်းနဲ့ လူထုတော်လှန်ရေးတွေ၊ သပိတ်တွေနဲ့ ဖီဆန်နိုင်အောင် အဓိက လှုံ့ဆော်အားပေးနိုင်ခဲ့တာကို တွေ့ရတယ်။ အိန္ဒိယမှာ အနေများခဲ့ဖူးတဲ့ ဆရာတော် ဦးဥတ္တမဟာ အိန္ဒိယနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အမျိုးသားရေးလှုပ်ရှားမှုတွေကို နားလည်သဘောပေါက်ပြီး၊ မြန်မာပြည်တွင်းမှာလည်း အလားတူ အမျိုးသားလှုပ်ရှားမှုတွေ ပေါ်ပေါက်အောင် တော်လှန်ရေးကို တင်သွင်းပေးခဲ့ သူလည်း ဖြစ်တယ်။ ဆရာတော်ဦးဥတ္တမဟာ၊ ဂန္ဒီရဲ့ အကြမ်းမဖက် အာဏာဖီဆန်ရေးနည်းတွေနဲ့ တော်လှန်ဖို့ ဆော်ဩလှုံ့ဆော်ခဲ့တယ်။ အင်္ဂလိပ်ကုန်ပစ္စည်းတွေကို သပိတ်မှောက်ဖို့ စည်းရုံးခဲ့တယ်။ အင်္ဂလိပ်အစိုးရကို လက်နက် ကိုင်နည်းနဲ့ တော်လှန်ရမယ်လို့ ပြင်းပြင်းပြပြ ယူဆခဲ့တဲ့ လူငယ်တော်လှန်ရေးသမား၊ နိုင်ငံရေးသမားတွေကတော့ ဦးဥတ္တမရဲ့ ဟောပြောချက်တွေကို လက်မခံခဲ့ဘူး။ သို့ပေမယ့် ဆရာတော်ကို ဝံသာနုမျိုးချစ် ရဟန်းတစ်ပါးအဖြစ် ကြည်ညိုလေးစားကြတယ်။

တော်လှန်ရေးအမြင်

ထူးခြားချက်တွေထဲက တစ်ခုကတော့၊ မြန်မာပြည်သူလူထုရဲ့ စည်းလုံးခြင်းကို အင်္ဂလိပ်က နိုင်ငံရေးပရိယာယ်နဲ့ ဟုမ္မရူး - ဒိုင်အာခီ အာဂျင်ဒါကို ချပြီး ဝေဝါးစေခဲ့တယ်။ ဟုမ်း လိုလို ၊ ဒိုင်လိုလိုနဲ့ ဝိဝါဒ အငြင်းပွားတာတွေ ဗမာဝံသာနုသမားတွေကြားထဲ ငြင်းခုန်ရင်း နိုင်ငံရေးသွေးခွဲခံခဲ့ရတယ်။ ဒီလို နိုင်ငံရေးသင်းခွဲခံ ရမှုတွေကို အမြော်အမြင်ရှိရှိနဲ့ လူထုကို ဒိုင်အာခီရဲ့ ဆိုးပြစ်တွေ ဟောပြောပြီး ဆရာတော် ဦးဥတ္တမဟာ လူထုရဲ့ တော်လှန်ရေးအမြင်ကို ပြတ်သားရှင်းလင်းအောင် လမ်းပြနိုင်ခဲ့တယ်။ ဒါ့ကြောင့်လည်း ဗမာလူထုဟာ ကိုယ့်မင်းကိုယ်ချင်းနဲ့ အုပ်ချုပ်ခွင့်ရတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးရဲ့ အနှစ်သာရကို ကောင်းကောင်း သိနားလည်ခဲ့တယ်။ ဒိုင်အာခီလို့ခေါ်တဲ့ ပူးတွဲအုပ်ချုပ်ရေးရဲ့ စနက်တွေကို နားလည်ပြီး ကျွန်သက်ရှည်အောင် ဆွဲဆန့်ထားတဲ့ မြှုပ်ကွက်ကို သိနားလည်ခဲ့တယ်။ ဒါတွေကို ဆရာတော် ဦးဥတ္တမက စွမ်းစွမ်းတမံ လုပ်ဆောင်နိုင်ခဲ့တယ်။

ဤသို့ ဤပုံ

ဆရာတော် ဦးဥတ္တမဟာ အင်္ဂလိပ်အစိုးရလက်အောက်မှာ ပထမဆုံး နိုင်ငံရေးမှုနဲ့ ထောင်သွင်းအကျဉ်းချခံရတဲ့ ဆရာတော်တစ်ပါးဖြစ်တယ်လို့ ယူဆရတယ်။ ဆရာတော် ဦးဥတ္တမဟာ သံဃာ့ကောင်စီ (The General Council of Sangha Samegyi) ကို တည်ထောင်ခဲ့သူလည်းဖြစ်တယ်။ ၁၉၂၁ ခုနှစ်ကနေ ပျံလွန်တော်မူချိန်အထိကာလ အပိုင်းအခြားထဲမှာ ထောင်သွင်းအကျဉ်းချခံရတဲ့ ကာလက ဆရာတော်အတွက် ပိုများခဲ့တယ်လို့ ဆိုနိုင်တယ်။ ဆရာတော် ဦးဥတ္တမဟာ ၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေစဉ်မှာပဲ၊ ပျံလွန်တော်မူခဲ့တယ်။

ဆရာတော် ဦးဥတ္တမရဲ့ ဘဝနဲ့ ဝံသာနုနိုင်ငံရေးဖြတ်သန်းမှု သမိုင်းကို လေ့လာကြည့်ရင်၊ ဆရာတော်ဟာ ရခိုင်လူမျိုးဖြစ်သည့်အလျောက် ဗမာပြည်လွတ်မြောက်ရေး / မြန်မာ့အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုမှာ အရေးပါတဲ့

အခန်းကဏ္ဍ ကနေ ဖောက်ထွက်ဦးဆောင် လမ်းပြ သွန်သင်နိုင်ခဲ့တဲ့ ဗုဒ္ဓဘာသာ ရဟန်းတော် တစ်ပါး ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်းမှာလည်း ထင်ရှားတဲ့ မျိုးချစ်အာဇာနည်ရဟန်းတစ်ပါး အဖြစ် မော်ကွန်းဝင်သူ ဖြစ်ပါတယ်။ ဘုရားသား၊ ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါး ဖြစ်ပေမယ့် အဖိနှိပ်ခံ လူထုရဲ့ နိုင်ငံရေးဘဝနဲ့ လူမှုစီးပွားဘဝ တရားမျှတရေးကို လောကီရေးသက်သက်လို့ မမြင်ဘဲ၊ လွတ်လပ်ရေးအဘိဓမ္မာနဲ့ တရားမျှတရေးအဘိဓမ္မာကို ကို ဟောပြော လမ်းညွှန်ခဲ့တဲ့ ပညာတတ် ရဟန်းပုဂ္ဂိုလ်တစ်ပါးဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ရခိုင်လူမျိုး ရဟန်းတော်တစ်ပါးဟာ မြန်မာပြည်ရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ဦးဆောင်လမ်းညွှန်ပြီး တော်လှန်ရေးအသိဖွင့်ပေးခဲ့တဲ့ အာဇာနည်ရဟန်းတစ်ပါးဖြစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။

မင်းသေ့

၃၀၊ ဇွန်လ၊ ၂၀၂၂

ရက္ခိုင့်နိုင်ငံတော်အိပ်မက် (သို့မဟုတ်)

ဝ နဲ့ ရခိုင်တို့အကြား ခွဲထွက်ရေးအိပ်မက် ကွာခြားချက် (၇၊ အောက်တိုဘာ၊ ၂၀၂၂)

ဗျူပွတ်

ခွဲထွက်ရေးအိပ်မက် ဘယ်သူမက်...။ မြန်မာ့နိုင်ငံရေးသမိုင်းကို လေ့လာကြည့်ရင် ခွဲထွက်ရေးအိပ်မက် မက်ခဲ့တဲ့ ပြည်နယ်တွေ ရှိခဲ့ပါတယ်။ ခွဲထွက်ရေးတဆွေအခြောက်ခံရတဲ့အုပ်စုနဲ့ ခွဲထွက်ရေးအိပ်မက်မက်တဲ့အုပ်စုတွေဟာ အချင်းချင်းအကြား ပဋိပက္ခဖြစ်ခဲ့ပါတယ်။ လက်နက်ကိုင်ပဋိပက္ခအထိ ကူးသွားလို့ မြန်မာပြည်ဟာ အခုအချိန်အထိ အဆိုးကျော့သံသရာက ရုန်းမထွက်နိုင်သေးပါ။ စစ်အစိုးရခေတ်နှောင်းပိုင်းကာလတွေမှာ ခွဲထွက်ရေးနဲ့ ပတ်သက်ပြီး သားကျောဖြတ်ခံထားလိုက်ကြရပါတယ်။ အရပ်သားအစိုးရတက်လာတဲ့အချိန် အပိုင်းအခြားကာလမှာလည်း၊ ငြိမ်းချမ်းရေးဒိုင်ယာလော့ခ် ဖြစ်စဉ်မှာ ခွဲထွက်ရေးနဲ့ပတ်သက်ပြီး ဘယ်သူမှ မပြောတော့ပါ။ ခွဲထွက်ဖို့ မဖြစ်နိုင်တော့ဘူး၊ အတူတကွ ဘယ်လို ပေါင်းစည်းပြီးနေကြမလဲဆိုတာကိုသာ စဉ်းစားလာခဲ့ကြဟန်တူပါတယ်။ သို့သော်လည်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် ဆိုတာနောက်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အထိ အပြည့်အဝ ရည်မှန်းချက်တွေကတော့ ရှိပါတယ်။ ဒါကတော့ လူမျိုးစုလက်နက်ကိုင်အဖွဲ့အားလုံးလိုလိုမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိဖို့ဆိုတာကို ရည်မှန်းချက်အနေနဲ့ ထားရှိတာတွေ့ရပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို self-determination လို့ အနက်ပြန်ပါတယ်။ တချို့ကလည်း self-determination ကိုပဲ လုံးဝ လွတ်လပ်ရေးလို့ အနက်ပြန်ပါတယ်။ လုံးဝ လွတ်လပ်ရေးဆိုတာ တနည်းအားဖြင့် ပြည်ထောင်စုကနေ ခွဲထွက်ပြီး ကိုယ်ပိုင်အမျိုးသားနိုင်ငံ ထူထောင်ရေးပဲ ဖြစ်ပါတယ်။

ခွဲထွက်ရေးအိပ်မက်

အတိတ်သမိုင်းမှာ ခွဲထွက်ရေးအိပ်မက် ကြီးကြီးမက်ခဲ့တဲ့ ပြည်နယ်တွေ ရှိပါတယ်။ အဲသည့်ပြည်နယ်တွေ ထဲမှာ ဗမာပြည်မနဲ့ တရုတ်နိုင်ငံအကြားက ပြည်နယ်တွေ ပါဝင်ပါတယ်။ သူတို့ဟာ ကုန်းတွင်းပိတ်ပြည်နယ်တွေ လို့ ပြောနိုင်ပါတယ်။ ကမ်းရိုးတန်းနယ် ရှည်လျားစွာ ပိုင်ဆိုင်တဲ့ ရခိုင်ကတော့ အတိတ်သမိုင်းမှာ ခွဲထွက်ရေးအသံ သိပ်မထွက်ခဲ့ဘူး ထင်ပါတယ်။ ကချင်နဲ့ ရှမ်းဟာ ခွဲထွက်ရေးအာဂျင်ဒါကို တင်တဲ့ ဦးဆောင်ပြည်နယ်တွေ ဖြစ်ခဲ့ပါတယ်။ ဒီနေ့အချိန်မှာတော့ ကချင်နဲ့ ရှမ်းဟာ ခွဲထွက်ရေးအာဂျင်ဒါကို မတင်တော့ပါ။ ဒါဆို ရခိုင်က တင်သလား။ ရခိုင်ပြည်နယ်ကို စစ်ရေးအရ အရ လွှမ်းမိုးထားနိုင်ပြီး၊ နိုင်ငံရေးအရ ရခိုင်အမျိုးသားတွေအပေါ်မှာ ဩဇာရှိတဲ့ အေအေ - ရခိုင့်တပ်မတော်ဟာ ခွဲထွက်ရေး အိပ်မက် ရှိဟန်တူပါတယ်။ အေအေရဲ့ မူဝါဒမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရဖို့ ရည်မှန်းချက်ထားတာတွေ့ရပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရည်မှန်းချက်ရဲ့ နောက်ကွယ်မှာ၊ ရခိုင့်အိပ်မက်ပါ ပါရှိနေတာကို သတိချပ်သင့်ပါတယ်။ ဒီနေ့အချိန်မှာ ခွဲထွက်ရေးအိပ်မက် မက်နိုင်တာ ဘယ်သူ ဖြစ်နိုင်မလဲ။

ဒီနေရာမှာ လက်နက်ကိုင်အဖွဲ့တွေထဲမှာ အင်အားအကြီးဆုံး လူမျိုးစုလက်နက်ကိုင်အဖွဲ့တွေထဲက ဝ ဒေသအရေးကို ရခိုင်အရေးနဲ့ နှိုင်းယှဉ်ပြချင်ပါတယ်။

ဝ ဒေသ အခြေခံအချက်အလက်များ

ဝ ဒေသဟာ ယခုလောလောဆယ် လက်နက်ကိုင်တပ်အင်အားအကြီးဆုံးသော လူမျိုးစုလက်နက်ကိုင်တွေထဲမှာ ပါဝင်နေပါတယ်။ ဝဒေသဟာ ကုန်းတွင်းပိတ် ဒေသ တစ်ခုဖြစ်တယ်လို့ ပြောနိုင်တယ်။ ကုန်းတွင်းပိတ်လို့ ပြောတာက ပင်လယ်ကမ်းရိုးတန်း ထွက်ပေါက်မရှိတဲ့ဒေသဖြစ်ပါတယ်။ ဝဒေသဟာ သံလွင်မြစ်နဲ့ တရုတ်ပြည်နယ်စပ်မျဉ်းအကြားမှာ ခြေကုတ်ယူထားတဲ့ ဝလူမျိုးစု ဒေသ တစ်ခုဖြစ်ပါတယ်။ အခြေခံအားဖြင့် စိုက်ပျိုးရေးကို အခြေပြုပြီး ရှင်သန်ရပ်တည်ရတယ်။ အထူးသဖြင့် ဘိန်းစိုက်ပျိုးမှု ဖြစ်ထွန်းတဲ့ ဒေသဖြစ်တယ်။ ဘိန်းအပေါ် မှီခိုပြီး ဝ ဒေသရဲ့ စီးပွားရေးခနအင်အားကို တည်ဆောက်ထားတယ်။ လူမျိုးအားဖြင့် တရုတ်ဟန်လူမျိုးစုနွယ်တွေထဲမှာ ပါဝင်တယ်။ တရုတ်မြန်မာနယ်စပ်မျဉ်းမှာ တည်ရှိပေမယ့် တရုတ်နဲ့ ကုန်သွယ်ရေးအားဖြင့် ကူးလူးဆက်ဆံမှု ပိုများတယ်။ မြန်မာနဲ့ ဝေးကွာတယ်။ မြန်မာပိုင်ဒေသတစ်ခုဖြစ်ပေမယ့်၊ ယဉ်ကျေးမှုအားဖြင့်၊ စီးပွားရေးအားဖြင့်၊ ဘာသာစကားအားဖြင့်၊ ငွေကြေးအားဖြင့် တရုတ်ရဲ့ ကျူးကျော်မှုကို ခံထားရတဲ့ ဒေသဖြစ်ပါတယ်။

တရုတ်လက်အောက်ခံဒေသ ဖြစ်တာထက်စာရင် မြန်မာလက်အောက်ခံဒေသ ဖြစ်နေရတာက ဝဒေသအတွက် အများကြီး လွတ်လပ်ပါတယ်။ လုပ်ခွင့်ကိုင်ခွင့်လည်း ပိုသာလွန်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အဖြစ် သတ်မှတ်ခံထားရတာဟာ ဝ ဒေသ တစ်ခုပဲ ရှိပါတယ်။ ကျန်တဲ့ ကိုးကန့်၊ ပလောင်၊ ပအိုဝ်း၊ ဓနုနဲ့ နာဂ ဒေသတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ပဲ ရှိထားပါတယ်။ ဘိန်းနဲ့ ဒေသတွင်း ဝင်ငွေဟာ ဖြောင့်ဖြူးနေပါတယ်။ ရွှေတြိဂံဒေသနဲ့လည်း နီးကပ်နေလို့ သုံးနိုင်ငံ ဆုံချက်ပွိုင့်ကို အားသာချက်ယူပြီး နိုင်ငံတကာကို ဘိန်းနဲ့ မူးယစ်ဆေးဝါး ဖြန့်ချိကုန်သွယ်လို့ ကောင်းမွန်တဲ့ ပထဝီရေးရာ အားသာချက်ရှိပါတယ်။ သံလွင်မြစ်က ကာဆီးထားလို့ သဘာဝအရ အရံအတားသဘောမျိုးလည်းဖြစ်နေပါတယ်။

ယခင်က ဝ ဒေသမှာ ဘိန်းစိုက်ပျိုးမှု ရှိခဲ့ပေမယ့် စစ်အစိုးရခေတ် အလယ်ပိုင်းကာလလောက်ကထက် မများပါဘူး။ စစ်အစိုးရ သက်ဆိုးရှည်လာတာရယ်၊ စစ်စီးပွားရေးအပျံ့ကျယ်လာတာရယ်၊ အပစ်အခတ် ရပ်ဆဲရေးအရင်းရှင်စနစ် (Ceasefire Capitalism) ဖွံ့ဖြိုးလာတာရယ် ကြောင့် ဝ ဒေသဟာ ကမ္ဘာပေါ်မှာ ဘိန်းဖြူ အထွက်ရှိဆုံးဒေသ တစ်ခုဖြစ်ခဲ့ပါတယ်။

အရိုင်းသာသာ အဆင့်မှ ...

ဘိန်းဖြူကြောင့် ဓနအင်အားတောင့်တင်းလာတဲ့ ဝဒေသဟာ ဝ လက်နက်ကိုင်တပ်အတွက် လူသူလက်နက် အင်အားတောင့်တင်းအောင် တည်ဆောက်လာနိုင်ပါတယ်။ ဗမာအစိုးရရဲ့ အုပ်ချုပ်မှုလက်အောက်ကနေ ကွင်းကွာနေတဲ့ ဝဒေသဟာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်အတွက် အခွင့်အရေးရခဲ့ပါတယ်။ တကယ်တော့ ဝဒေသတွင်းက ဝလူမျိုးတွေက ပညာ အားဖြင့် သာလွန်ခဲ့လို့လား၊ သို့တည်းမဟုတ် ယဉ်ကျေးမှုအားဖြင့် မြင့်မားတဲ့နောက်ခံသမိုင်းရှိခဲ့လို့လား...။ မေးစရာ ရှိပါတယ်။ မဟုတ်ပါ။ မဟုတ်ပါ။ တကယ်တော့ ဝ လူမျိုးတွေဟာ အရိုင်းသာသာအဆင့်မှာသာ ရှိခဲ့ပါတယ်။ သို့သော်လည်း ဒုတိယကမ္ဘာစစ်အပြီး တရုတ်ဖြူကျူးကျော်မှုကို ခံခဲ့ရတဲ့ အတွက် ဝဒေသဟာ ပြောင်းလဲမှု အချိုးအကွေ့ ဖြစ်ခဲ့ပါတယ်။ ထိုနည်းလည်းကောင်း ဗမာပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်ဖြစ်ခဲ့ခြင်းကလည်း ဝဒေသကို ပြောင်းလဲ စေတဲ့အဓိက အချက်တစ်ခုဖြစ်ခဲ့ပါတယ်။

အုပ်ချုပ်ရေး အာဏာစက်ကင်းလွတ်ရာ

ဝဒေသဟာ ရှမ်းပြည်နယ်အတွင်း တည်ရှိတဲ့ဒေသဖြစ်ပေမယ့် အစဉ်အလာ ရှမ်းစော်ဘွားတွေရဲ့ အုပ်ချုပ်မှု အာဏာ စက်အောက်ကို လုံးဝ ကျရောက်ခဲ့တဲ့ဒေသ မဟုတ်ပါဘူး။ ပထဝီအရ အတားအဆီးနဲ့ နယ်မြေအားဖြင့် လမ်းပန်း ဆက်သွယ်ရေးခက်ခဲကြမ်းတမ်းခြင်းက ဝဒေသက ဝ လူမျိုးတွေကို ယဉ်ကျေးမှုအားဖြင့် ဆွဲတင်ပေးနိုင်ဖို့ အတား အဆီးဖြစ်ခဲ့တယ်။ တဖက်မှာလည်း တရုတ်မျိုးနွယ်စုဖြစ်တဲ့ ဝလူမျိုးတွေ ဖြစ်သော်လည်းပဲ၊ တရုတ်နဲ့ ကူးလူးဆက် ဆံမှု နည်းပါးတယ်။ ယခု ချမ်းသာနေတဲ့ တရုတ်ရဲ့ ကုန်းတွင်းပိတ်ပြည်နယ်၊ မြန်မာဘက်အခြမ်းနဲ့ နီးကပ်တဲ့ ယူနန်ပြည်နယ်ဆိုတာ မြန်မာနဲ့ တရုတ်အကြား နယ်စပ်ကုန်သွယ်ရေးဖြစ်ထွန်းပေါက်မြောက်ခဲ့လို့ စားနိုင်သောက် နိုင်၊ ပြောင်ပြောင်ရောင်ရောင်ဖြစ်နိုင်တဲ့ ပြည်နယ်ဖြစ်လာတာ မကြာသေးပါဘူး။ ဝဒေသတွင်းက ဝလူမျိုးတွေဟာ အရိုင်းဆန်တဲ့ အမူအကျင့်တွေ မပျောက်ခဲ့ပါဘူး။ ကိုလိုနီလက်ထက်တွေမှာလည်း အင်္ဂလိပ်ဘုရင်ပုံ ငွေဒင်္ဂါး ကြေးပြားတွေကို သုံးစွဲခဲ့တယ်ဆိုပေမယ့် ကိုလိုနီအစိုးရရဲ့ အုပ်ချုပ်မှုအာဏာစက်အောက် လုံးဝ ကျရောက်ခဲ့တဲ့ ဒေသ မဟုတ်ပါဘူး။ စစ်ပြီးခေတ်ကာလတွေမှာလည်း မြန်မာအစိုးရရဲ့ အုပ်ချုပ်မှုလက်တံနဲ့ အဝေးဆုံးဒေသ ဖြစ်လို့ ဆက်သွယ်ရေးအရလည်း ခက်ခဲ၊ ကျန်းမာရေးနဲ့ ပညာရေးဖွံ့ဖြိုးမှုမှာလည်း အလှမ်းမမီဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် ဝ ဒေသတွင်း ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုလည်း မရှိခဲ့ပါဘူး။ ၂၀ရာစု နှောင်းပိုင်းလောက်အထိ နတ်ကိုးကွယ်မှုနဲ့ ယစ်ပူဇော်မှုတွေ ရှိခဲ့သလို အုပ်စုတွင်း တိုက်ပွဲတွေနဲ့ တစ်ယောက်နဲ့ တစ်ယောက် ကျွန်ပြုတဲ့စနစ်တွေလည်း ဖြစ်ထွန်းခဲ့ပါတယ်။ အုပ်စုအချင်းချင်း သတ်ဖြတ်မှုတွေမှာ လူသားကို ယစ်ကောင်လုပ်ပြီး ရွာထိပ်က နတ်စင်တွေမှာ ပသထားတာတွေ ရှိခဲ့ပါတယ်။

စစ်ရေးပထဝီ အပြောင်းအလဲ

ဗမာပြည်ကွန်မြူနစ် ပါတီက ပန်ဆန်းကို ဌာနချုပ်ပြုပြီး ဝဒေသ တစ်ခုလုံးကို စစ်ရေးအရ လွှမ်းမိုးတဲ့ဒေသ ဖြစ်အောင် လုပ်ခဲ့ခြင်းဟာ ဝလူမျိုးတွေရဲ့ ရှေးရိုးစွဲဓလေ့တွေကို ပယ်ရှားဖို့အတွက် အပံ့အပိုးဖြစ်ခဲ့ ပါတယ်။ ထိုနည်းလည်းကောင်း တရုတ်ဖြူကျူးကျော်မှုကြောင့် တရုတ်ဖြူ ကူမင်တန်၊ တရုတ်နီ ကွန်မြူနစ်နဲ့ အမေရိကန်အထောက်အပံ့ခံ ချန်ကေရှိတ်အစိုးရရဲ့ စစ်ရေးကစားကွင်းတစ်ခုဖြစ်ခဲ့ခြင်းဟာ ဝဒေသအတွက် အပြောင်းအလဲတစ်ခုဖြစ်ခဲ့ပါတယ်။ ဝဒေသက ဝ - တရုတ်လူမျိုးတွေကို လက်နက်တပ်ဆင်ပေးပြီး တရုတ်နီ ကွန်မြူနစ်တွေကို ပြန်လည် တိုက်ခိုက်ဖို့ တရုတ်ဖြူ ကူမင်တန်တွေက ကြိုးစားခဲ့ပါတယ်။ တရုတ်ဖြူတွေရဲ့နောက်က ပံ့ပိုးသူကတော့ အမေရိကန်ဖြစ်ပါတယ်။ အမေရိကန်ရဲ့ စစ်ရေးအကူအညီတွေကို ဝဒေသကို ကျူးကျော်လာတဲ့ တရုတ်ဖြူကူမင်တန်တွေ ရရှိခဲ့တယ်။ ဒီအချက်ဟာ ဝဒေသတွင်း ဝလူမျိုးတွေကို လူရိုင်းဘဝကနေ လူယဉ် အဖြစ်ရောက်ရှိစေပြီး ဒေသတွင်း လက်လုပ်တူမီးတွေကိုင်နိုင်တဲ့အဆင့်ကနေ ခေတ်မီလက်နက်ဆန်းတွေ ကိုင်ဆောင်လာနိုင်တဲ့အထိ ကျေးဇူးပြုခဲ့ပါတယ်။ ဝလူမျိုးတွေဟာ ယဉ်ကျေးမှုအားဖြင့် မမြင့်မားကြပါ။ သို့သော်လည်း တရုတ်နယ်စပ်နဲ့ သံလွင်မြစ်တစ်ဖက်ကမ်းက လွတ်မြောက်ဒေသကို ခြေကုတ်ယူပြီး စစ်ရေးပထဝီရေးရာ ကစားပွဲတွေကြောင့် ဒေသတွင်း ကိုယ့်ကြမ္မာကို ဖန်တီးခွင့်ကို ကောင်းကောင်းတည်ဆောက်နိုင်ခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကို အာခံပုန်ကန်တော်လှန်ပြီး ဝလူမျိုး စစ်ရေးခေါင်းဆောင်တွေရဲ့ အာဏာကို ထူထောင်နိုင်လိုက်ခြင်းဟာလည်း အဓိက အချက်တစ်ခုဖြစ်ပါတယ်။ စစ်ရေးပထဝီရဲ့ အားသာချက်ကို အသုံးချပြီး ဝ ပြည်နယ် ထူထောင်ရေး အခြေခံအုတ်မြစ်တွေကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ကချင်၊ ကယား၊ ရှမ်း၊ ရခိုင်၊ ပလောင်နဲ့ ပအိုဝ်း လူမျိုးတွေဟာ ဝလူမျိုးတွေနဲ့ နှိုင်းယှဉ်ရင် ယဉ်ကျေးမှုအရ အဆင့်အတန်း သိသိသာသာမြင့်မားတဲ့လူမျိုးတွေ ဖြစ်ပါတယ်။ ဒီနေရာမှာ ရခိုင်တွေရဲ့ ရခိုင့်အိပ်မက်နဲ့ နှိုင်းယှဉ်ကြည့်ချင်ပါတယ်။

ရခိုင်အမျိုးသားသမိုင်း

ရခိုင်တွေဟာ မြန်မာတွေထက်တောင် ယဉ်ကျေးမှုအရ ရှေ့ကို စောရောက်ခဲ့တဲ့ လူမျိုးတွေဖြစ်ပါတယ်။ အိန္ဒိယနဲ့ နီးလို့ အိန္ဒိယယဉ်ကျေးမှုအမွေတွေကိုလည်း ရရှိသလို၊ မြန်မာကိုလည်း ထပ်မံလက်ဆင့်ကမ်းနိုင်လောက်တဲ့အထိ ရခိုင်တွေရဲ့ ယဉ်ကျေးမှုအဆင့်အတန်းက မြင့်မားခဲ့ပါတယ်။ ရခိုင်နဲ့ မြန်မာဟာ ဘာသာစကားအားဖြင့်လည်း လုံးဝကွဲပြားခြားနားနေတာမျိုး မရှိပါ။ ဆင်တူကြောင်းကွဲ၊ လေယူလေသိမ်း ကွဲပြားတာက လွဲရင် ဘာသာစကား အားဖြင့် မျိုးတူကြတယ်လို့ ပြောနိုင်ပါတယ်။ မြန်မာတွေ အရိုင်းသာသာ အဆင့်မှာပဲ ရှိနေစဉ်က ရခိုင်၊ မွန်နဲ့ ပျူတို့ရဲ့ ယဉ်ကျေးမှုတွေနဲ့ ယဉ်အောင် လုပ်ခဲ့ကြရပါတယ်။ မြန်မာလူမျိုးတွေ သစ်သား၊ အုတ်နဲ့ ကျောက်ကိုသာ နိုင်သေးတဲ့အဆင့်မှာ ရခိုင်တွေက သံတို့ ကြေးတို့ကို ကောင်းကောင်းနိုင်နင်းနေပါပြီ။ ယခု မန္တလေးက မဟာမုနိ ရုပ်ပွားတော်ကို ရခိုင်တွေဆီက တကူးတက အပင်ပန်းခံပြီး သယ်ယူလာခဲ့ကြရတာ ဘာ့ကြောင့် ထင်ပါသလဲ။ အကြောင်းကတော့ မြန်မာတွေ ဒီလောက်အဆင့်မြင့်တာကို မလုပ်တတ်သေးလို့ပါ။ မလုပ်နိုင်သေးလို့ပါ။ သံကို မပိုင်၊ ကြေးကို မနိုင်သေးလို့ပါ။ ဒီလို ယဉ်ကျေးမှုအဆင့်ရှိစဉ်မှာ ရခိုင်တွေဆီက ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်ကို

တောအထပ်ထပ် တောင်အသွယ်သွယ် အပင်ပန်းခံပြီး သယ်ယူခဲ့ရခြင်းဖြစ်ပါတယ်။ ဒါဟာ ရခိုင်တွေရဲ့ ယဉ်ကျေးမှု အဆင့်အတန်း ဘယ်လောက်မြင့်မားနေကြောင်းကို ပြသနေပါတယ်။

သို့သော် မြန်မာမင်းတွေဟာ ဘာဖေးရီးယန်း စရိုက်ရှိသူတွေလို့ ပြောနိုင်တယ်။ ယဉ်ကျေးမှုအရ မွေးစားပြီး ဗမာ့ယဉ်ကျေးမှုအနုလက်ရာတွေ အဖြစ် ပြောင်းယူနိုင်ပေမယ့်၊ စစ်တိုက် ဝါသနာကြီးတယ်။ ကြမ်းတမ်းတယ်၊ ရက်စက်တယ်။ ဒီတော့ စစ်ရေးအရ အကြမ်း နိုင်ဆုံးလူအုပ်စုက ယဉ်ကျေးမှုအဆင့်မြင့်ပေမယ့် စစ်ရေးအရ aggressive မဖြစ်တဲ့ လူမျိုးတွေအပေါ် လွှမ်းမိုးနိုင်ခဲ့ ပါတယ်။ မြန်မာတွေရဲ့ ထီးရိပ်အောက်မှာ တခြားသော လူမျိုးစုတွေကို ထားရှိဖို့ ကြိုးစားခဲ့ပါတယ်။ သို့သော်လည်း ပထဝီအရ အတားအဆီးတွေက လူမျိုးစုတွေအပေါ် ဩဇာသက်ရောက်မှု နည်းပါးအောင် ကျေးဇူးပြုခဲ့တာကြောင့် မြန်မာဘုရင်တွေရဲ့ အာဏာစက်က အစဉ်အမြဲ လွှမ်းမိုးမှု မရှိခဲ့ပါဘူး။

အမျိုးသားရေးအာဃာတ

ရခိုင်တွေဟာ ရခိုင်ဘုရင့်နိုင်ငံတော် အဖြစ် ကိုယ့်ထီးကိုယ့်နန်းနဲ့ နေခဲ့ကြပါတယ်။ ရခိုင်တွေရဲ့ မြို့ဟောင်းနဲ့ ဘုရင်တွေရဲ့နန်းတော်ရာကို မြောက်ဦးမှာ တွေ့နိုင်ပါတယ်။ ထိုနည်းလည်းကောင်း ရခိုင်တွေရဲ့ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်တဲ့ သျှစ်သောင်းဘုရားပုထိုးတွေကိုလည်း ယခုတိုင် အနုလက်ရာမပျက်တွေ့နိုင်ပါတယ်။ ဒါဟာ ရခိုင်တွေရဲ့ ယဉ်ကျေးမှုအဆင့်မြင့်မားခဲ့ပုံကို ပြနေသလို၊ ရခိုင်လူမျိုးတွေရဲ့ အမျိုးသားနိုင်ငံသမိုင်းမှတ်တမ်းကိုလည်း ပြဆိုနေပါတယ်။ မြန်မာဘုရင်တွေ ရခိုင်ကို သိမ်းပိုက်ဖို့ စစ်ချီခဲ့တဲ့ သာဓကတွေ မြောက်မြားစွာ ရှိပါတယ်။ ပဒေသသရာဇ်ခေတ်က စစ်ရေးလွှမ်းမိုးချုပ်ကိုင်ခဲ့မှုတွေဟာ လူမျိုးရေး အနာဆွေးတွေကို ဖန်တီးခဲ့ပါတယ်။ အတိတ်သမိုင်းမှာ အငြိုးအာဃာတတွေ ရှိတဲ့အပြင် ခေတ်သစ်မြန်မာနိုင်ငံမှာ စစ်အစိုးရတွေ ကြီးစိုးလွှမ်းမိုးခြင်းဟာ လူမျိုးစုတွေရဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုတွေကို လှုပ်နှိုးခဲ့ပါတယ်။

လက်နက်ကိုင်လှုပ်ရှားမှုဇာတ်ကြောင်း

စစ်ပြီးခေတ် နောက်ပိုင်း သခင်စိုးဦးဆောင်တဲ့ အလံနီကွန်မြူနစ်ပါတီ ရခိုင်ဒေသကို ခြေကုတ်ယူဖို့ ကြိုးစားခဲ့ပြီး စစ်အေးခေတ် အလယ်ပိုင်းလောက်မှာတော့ အလံဖြူကွန်မြူနစ်ပါတီက ဝဒေသကို ခြေကုတ်ယူဖို့ ကြိုးစားခဲ့တဲ့ သာဓကတွေကို နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ ထိုနည်းလည်းကောင်း ဘင်္ဂလားနယ်နဲ့ ဆက်စပ်နေတဲ့ ရခိုင်ဒေသတွေမှာ လွတ်လပ်ပြီးခေတ်နောက်ပိုင်း မူဂျာဟစ်လှုပ်ရှားမှုတွေလည်း ရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလမှ အလံနီကွန်မြူနစ်ပါတီကို အမွေခံတဲ့ ရခိုင်ကွန်မြူနစ်ပါတီရဲ့လက်နက်ကိုင်တပ်ဖွဲ့ ရှိခဲ့ပါတယ်။ ထိုနည်းလည်းကောင်း ၁၉၆၇ ခုနှစ်မှာ ကေအိုင်အေရဲ့ အကူအညီနဲ့ ဖွဲ့စည်းခဲ့တဲ့ ရခိုင်လွတ်လပ်ရေးတပ်မတော် ဆိုတာ ရှိခဲ့ဖူးတယ်။ ၁၉၇၀ ခုနှစ်လောက်မှာ ရခိုင်လွတ်မြောက်ရေးပါတီ ထွက်ပေါ်လာတယ်။ သို့သော်လည်းပဲ မြန်မာစစ်အစိုးရကို စစ်ရေးအရ အံတုနိုင်လောက်တဲ့အထိ အင်အားမကြီးမားခဲ့ဘူး။ နဝတ - နအဖ အစိုးရလက်ထက်တွေမှာ လက်နက်ကိုင်အင်အား မရှိသလောက် လျော့ကျသွားခဲ့တယ်။ သို့သော်လည်း

ရခိုင်ပြည်နယ်မှာ ဦးသိန်းစိန်အစိုးရသက်တမ်းကာလ နှောင်းပိုင်းလောက်မှာ တိုက်ပွဲတွေ အပြင်းအထန် ပြန်လည်ဖြစ်ပွားခဲ့တယ်။ ဒီတိုက်ပွဲတွေ စတင်ဖို့ ဘယ်အချိန်က အရှိန်စယူခဲ့သလဲ။

ရက္ခိုင့်တပ်မတော် အစ

၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး နောက်ပိုင်းမှာ ငယ်ရွယ်ပြီး ပညာတတ်တဲ့ ရခိုင်မျိုးချစ်လူငယ်တစ်စုဟာ ရခိုင်အမျိုးသားလွတ်မြောက်ရေးအတွက် အမြဲတေသဘော စုစည်းနိုင်ခဲ့တယ်။ ဒီကြိုးစားမှုရဲ့ရလဒ်ဟာ ၂၀၀၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့မှာ အကောင်အထည်ပေါ်လာခဲ့တယ်။ ကချင်ပြည်နယ် ကေအိုင်အေဌာနချုပ်ဖြစ်တဲ့ လိုင်ဇာမှာ အေအေ - ရခိုင့်တပ်မတော်ကို စတင်ဖွဲ့စည်းလိုက်ကြတယ်။ ရခိုင့်တပ်မတော်ဖွဲ့စည်းပြီး ဆယ်နှစ်လောက်အကြာမှာ၊ ရခိုင်လူထုရဲ့ အမျိုးသားရေးဝါဒကို ဆွဲစုနိုင်တဲ့ လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့တစ်ခု ဖြစ်လာတယ်။ ရခိုင့်တပ်မတော် - အေအေ ဟာ ရခိုင်လူမျိုးတွေရဲ့ ယုံကြည်ကိုးစားမှုကိုလည်း ရရှိခဲ့တယ်။ ရခိုင်တွေရဲ့ အမျိုးသားရေးအိပ်မက်ကိုလည်း ပြန်လည် သယ်ယူလာပေးနိုင်ခဲ့တယ်။ ၂၀၂၁ ခုနှစ် ရောက်လာချိန်မှာ၊ ရခိုင်ပြည်နယ်အတွင်း တရားစီရင်ရေးနဲ့ ဒေသန္တရအုပ်ချုပ်ရေးကို ၆၀ % - ၇၀ % လောက်အထိ အာဏာဖြန့်ကျက်နိုင်တဲ့ လက်နက်ကိုင် တပ်ဖွဲ့ဖြစ်လာတယ်။

အမျိုးသားရေးသြဇာ

တကယ်တော့ ရခိုင်အမျိုးသားတွေရဲ့ ယုံကြည် ကိုးစားမှုကို ရရှိထားတဲ့ အေအေ - ရခိုင့်တပ်မတော်ဟာ မြန်မာပြည်မှာ သက်တမ်းအနုဆုံးသော လူမျိုးစုလက်နက် ကိုင်အဖွဲ့တစ်ခုထဲမှာ ပါဝင်ပါတယ်။ သို့သော်လည်း

စတင်ဖွဲ့စည်းချိန်ကစပြီး ၁၀ နှစ်ကျော်သက်တမ်းသာ ရှိသေးပေမယ့်၊ တစ်စိတ်တစ်ပိုင်း အောင်မြင်နေပြီဖြစ်တဲ့ လက်နက်ကိုင်တော်လှန်ရေးနဲ့ အမျိုးသားနိုင်ငံရေးစည်းရုံးမှုတွေမှာ ရခိုင်လူမျိုးတွေအပေါ် ဩဇာလွှမ်းမိုးနိုင်နေပြီ ဖြစ်ပါတယ်။ ဗိုလ်ချုပ်ထွန်းမြတ်နိုင် ဦးဆောင်တဲ့ အေအေ - ရခိုင့်တပ်မတော်ဟာ ရခိုင်တွေရဲ့ အိပ်မက်ကို သယ်လာပေးတယ်။ အထူးသဖြင့် အတိတ်သမိုင်းမှာ ရှိခဲ့တဲ့ ရခိုင့်အမျိုးသားနိုင်ငံတော်ထူထောင်ရေးအိပ်မက်ဟာ ရခိုင်တွေအတွက် လက်လှမ်းမီစရာဖြစ်လာတယ်။ တနည်း အားဖြင့် ရခိုင်တွေရဲ့ ကိုယ့်ကြမ္မာကိုယ် ပြဋ္ဌာန်းပိုင်ခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာတွေဟာ ပိုလို့တောင် အရာထင် လာတယ်။ ရခိုင်တွေရဲ့ အိပ်မက်ကို အကောင်အထည် ဖော်နိုင်အောင် ပံ့ပိုးနိုင်တဲ့ အဓိက အချက်တစ်ခု ရှိနေပါသေး တယ်။ ဒါဟာ လူမျိုးစုပြည်နယ်တိုင်း မရနိုင်တဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒါကတော့ ပထဝီနိုင်ငံရေးအားသာချက် ဖြစ်ပါတယ်။

ဝ ဒေသနဲ့ ရခိုင်ပြည်နယ် ကွာခြားချက်

အရိုင်းသာသာအဆင့်ပဲ ရှိခဲ့တဲ့ ဝဒေသတွင်း ဝလူမျိုးတွေဟာ စစ်ပြီးခေတ် စစ်ရေးပထဝီဝင်အပြောင်း အလဲကြောင့် လူသူလက်နက်အင်အားတောင့်တင်းပြီး ခနဥစ္စာရှာဖွေနိုင်တဲ့ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု တည်ထောင်နိုင် ပေမယ့်၊ ဝဒေသဟာ တရုတ် - မြန်မာ နယ်စပ်က ဒေသတစ်ခုသာဖြစ်ပါတယ်။ တနည်းအားဖြင့် ပင်လယ် ထွက်ပေါက် မရှိတဲ့ ကုန်းတွင်းပိတ်ဒေသတစ်ခုဖြစ်ပါတယ်။ ရခိုင်ကတော့ ဒီလို မဟုတ်ပါဘူး။ ကမ်းရိုးတန်း အရှည်မိုင် ရှည်လျားစွာ ပိုင်ဆိုင်တဲ့ ပြည်နယ် (elongated state) တစ်ခုဖြစ်ပါတယ်။ ပင်လယ်ရေ သယံဇာတအရင်းအမြစ်တွေကို ပိုင်ဆိုင်ထားတဲ့ ပြည်နယ်ဖြစ်သလို၊ ပင်လယ်ရေကြောင်းသွားလာရေးအတွက် ချိတ်ဆက်နိုင်တဲ့ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းပေါ်မှာ ရှိတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ရခိုင်ပြည်နယ်က ပိုင်ဆိုင်တဲ့ ကျွန်းတွေဟာ စားရေရိက္ခာအတွက်လည်း အထောက်အပံ့ကောင်းဖြစ်သလို၊ ကမ်းလွန်ရေနံလို သဘာဝဓာတ်ငွေ့တွေကလည်း စွမ်းအင်ရင်းမြစ်အတွက် သဘာဝအမွေတွေ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ထက် လွန်သော၊ ရခိုင့်အိပ်မက်ကို ရခိုင့်နိုင်ငံတော်အဖြစ် အကောင်အထည်ဖော်နိုင်ရင် ပိုကောင်းသော လူမှုစီးပွားဘဝတွေကို ပိုင်ဆိုင်နိုင်မယ့် ပြည်နယ်တစ်ခုဖြစ်ပါတယ်။

တနည်းအားဖြင့် စက်ာပူထက် လည်း မြေဧရိယာပိုင်ဆိုင်မှု များပြားတယ်။ မြစ်ချောင်းနဲ့ သစ်တော သယံဇာတက လည်း ထိုက်သင့်သလောက် ပိုင်ဆိုင်တယ်။ လူဦးရေများပြားတဲ့ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်တို့နဲ့လည်း နီးကပ်စွာ ရှိခြင်းကြောင့် ကျယ်ပြန့်တဲ့ ကုန်ထုတ် ဈေးကွက်ကိုလည်း ပိုင်ဆိုင်ထားတယ်။ အတိတ်မှာ တောင့်တင်းတဲ့ ယဉ်ကျေးမှုသမိုင်းကို ပိုင်ဆိုင်ထားလို့ နိုင်ငံတစ်ခုရဲ့ အင်္ဂါရပ်အတွက် ဂုဏ်တင့်တဲ့ အထောက်အပံ့ဖြစ်တယ်။

အမျိုးသားရေးညှို့ဓာတ်ရှင်

ရခိုင်တွေဟာ ပိုလို့ အမျိုးသားစိတ် ထက်သန်လာတာတွေ့ရတယ်။ ပညာတတ် လူငယ် မျိုးချစ် ခေါင်းဆောင် တစ်ယောက် ဖြစ်တဲ့ ဗိုလ်ချုပ်ထွန်းမြတ်နိုင် ဦးဆောင်တဲ့ နိုင်ငံရေး လမ်းညွှန်ချက်တွေကို အမျိုးသားရေးလမ်းညွှန် ချက်သဖွယ် ယုံကြည်လေးစားတယ်။ ဗိုလ်ချုပ်ထွန်းမြတ်နိုင်ကလည်း ရခိုင်အမျိုးသားသရုပ်ရဲ့ ဥပမိကို ဆောင်ကြဉ်းနိုင်လောက်တဲ့ ကိုယ်စွမ်းကိုယ်စ ရှိတယ်။ ရခိုင်တွေဟာ ခေတ်သစ် အိပ်မက်ကို မက်နေကြပြီ။

ဝဒေသကို ပထဝီက မျက်နှာသာ မပေး

အထူးသဖြင့် ရခိုင်ရဲ့ ရှေ့က စီနီယာအဖြစ် စစ်ရေးအင်အား ကြီးမားခဲ့တဲ့ ဝ ဒေသဟာ ရခိုင်ပြည်နယ် ရရှိတဲ့ ပထဝီအားသာချက်မျိုးကို မရနိုင်ပါဘူး။ ဒီတော့ ဝဒေသက ဝ လူမျိုးစုစစ်ရေးခေါင်းဆောင်တွေအနေနဲ့ ခွဲထွက်ရေးအိပ်မက်ကို မက်ချင်ရင်တောင် အိပ်ယာထဲမှာပဲ မက်ခွင့်ရှိတယ်။ လက်တွေ့အကောင်အထည်ဖော်ဖို့ မလွယ်။ တနည်းအားဖြင့် ဝတွေအနေနဲ့ ယခုလို ခွဲမထွက်ဘဲ တရုတ်ဩဇာခံလိုလိုနဲ့ မြန်မာဘက်အခြမ်းမှာ သီးခြားလွတ်မြောက်နယ်မြေအဖြစ် ရှိနေခြင်းဟာ သူတို့အတွက် ပိုကောင်းပါတယ်။ ပိုလို့လည်း လူးသာလွန့်သာ ရှိပါတယ်။ အကယ်၍ ခွဲထွက်စေအုံးတော့၊ တရုတ်နဲ့ မြန်မာအကြားမှာ ကုန်းတွင်းပိတ်အနေအထားမို့၊ ပိုလို့ ကျပ်တည်းနိုင်ပါတယ်။ တရုတ်နဲ့ ပေါင်းရင်လည်း တရုတ်က ကွန်မြူနစ်အာဏာရှင်စနစ်မို့ မြန်မာအစိုးရလက်အောက်မှာ ဝလူမျိုးတွေ ရှိနေတာက ပိုလို့အနေချောင်တယ်။ တရုတ်လက်အောက်မှာဆို ဒီလောက် လူးသာလွန့်သာ လွတ်လပ်ခွင့်ရနေမယ် မထင်ဘူး။

ဒီတော့ ဝတွေ အနေနဲ့ တရုတ်နဲ့ မြန်မာကို ဘယ်သူ့မှ အဖြေမပေးဘဲ အီထားတဲ့အခြေအနေကသာ သူတို့အတွက် အကျိုးစီးပွား ဖြစ်ထွန်းနိုင်တယ်။ တစ်ဖက်ဖက်ကို လုံးဝ ကပ်လိုက်တာဖြစ်ဖြစ်၊ တစ်ကိုယ်တည်း သီးခြားဖြစ်တည်လိုက်တာပဲ ဖြစ်ဖြစ်။ တစ်ခုခုကို လုပ်ခဲ့ရင် ဝတွေအတွက် ပိုလို့ ကျပ်တည်းနိုင်တယ်။ ဒီတော့ ဝတွေအတွက် ဘယ်လောက်ပဲ ခွဲထွက်ရေးအိပ်မက်ကို မက်သည်ဖြစ်စေ ရခိုင်တွေလို လက်တွေ့အကောင်အထည်ဖော်ခွင့်ရမှာ မဟုတ်။ အကောင် အထည်ဖော်ခွင့်ရသည် ထားအုံး၊ ရခိုင့်နိုင်ငံတော်အိပ်မက်လောက် အနာဂတ်မှာ သာယာနိုင်စရာ မရှိ။

ရက္ခိုင့်နိုင်ငံတော်အိပ်မက်

ရခိုင်တွေ အတွက်ကတော့ ရခိုင့်နိုင်ငံတော်အိပ်မက်ဟာ အာရုဏ်တက် အလင်းရောက်ဖို့ နီးကပ်နေပြီ ဖြစ်ပါတယ်။ ရခိုင် အမျိုးသားတွေရဲ့ စုစည်းညီညွတ်မှုအားနဲ့ နိုင်ငံရေးအသိုင်းအဝန်းစိတ်အခံ ထုထည် ကြီးရင့်လာခြင်းသည်သာ ရခိုင့် အိပ်မက်ကို လက်တွေ့ဖြစ်လာစေဖို့ ဆုံးဖြတ်သွားမယ် ထင်ပါတယ်။ အကယ်၍ လူမျိုးစုလွတ်မြောက်ရေး လှုပ်ရှားမှုတွေသာ တကယ်အောင်မြင်ခဲ့ရင် အရင်ဆုံးအောင်မြင်မှာကတော့ ရခိုင်လူမျိုးတွေသာ ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

မင်းသော့

နေ့လယ် ၁း၁၄

၇၊ အောက်တိုဘာ၊ ၂၀၂၁။

ရက္ခိုင့်အမျိုးသားရေးညှို့ခာတ်

- ရခိုင်တွေဟာ သူတို့ရဲ့ အမျိုးသားရေးကို ဘယ်လို တည်ဆောက်နေပါသလဲ။
- ဒါဟာ လေ့လာစရာ အကွက်အကွင်းတစ်ခုဖြစ်သလို၊ ဆက်လက်လေ့လာပြီး ကျယ်ပြန့်စွာ ဆက်လက် လုပ်ဆောင်ရမယ့် အရာလို့လည်း ယူဆပါတယ်။
- ရခိုင်တွေဟာ၊ ရက္ခိုင့်နိုင်ငံတော်အိပ်မက်ကို ပီပီပြင်ပြင် မက်နေကြတယ်ဆိုရင်တော့ - အမျိုးသားရေး ညှို့ခာတ်ကို အင်အားကြီးအောင်တည်ဆောက်ရေးလုပ်ငန်းတွေကို အတွင်းစည်းမှာ လုပ်ကောင်း လုပ်နေနိုင်တယ်လို့ မျှော်လင့်ရပါတယ်။
- ဒီနေရာမှာ ယေဘုယျကျတဲ့ အမျိုးသားရေးတည်ဆောက်မှုချည်းကပ်ပုံတချို့ကို တင်ပြချင်ပါတယ်။
- အဝန်းအဝိုင်း (၃) ရပ်နဲ့ အမျိုးသားရေးနျူကလီးယက်ရဲ့ ဆက်စပ်ဖြစ်တည်မှုကို တင်ပြချင်ပါတယ်။



အမျိုးသားရေးနျူကလီးယက်

ဒီနေရာမှာ - အမျိုးသားရေးနျူကလီးယက်ဆိုတဲ့ ဝေါဟာရကို - အမျိုးသားရေးအမြုတေလို့ နားလည်စေချင်ပါတယ်။ အမြုတေဆိုတာ - အနှစ် လို့ အနက်အဓိပ္ပာယ်ထွက်ပါတယ်။ အနှစ် - အနှစ်သာရဆိုတဲ့သဘောဖြစ်ပါတယ်။ ထိုနည်းလည်းကောင်း - အစွမ်းရှိတဲ့အခဲမာတစ်မျိုးလို့လည်း သဘောအနက်ဆောင်ပါတယ်။ ဆိုလိုချင်တာက - စွမ်းအားရှိတယ်၊ ကျစ်လစ်တယ်၊ အနှစ်အသားပြည့်တဲ့အစိုင်အခဲတစ်ခုဖြစ်တယ်။ ဖျက်ဆီးဖို့ မလွယ်ဘူး။ စွမ်းနိုင်တဲ့အရာ၊ ဆောင်နိုင်တဲ့အရာလို့ နားလည်နိုင်ပါတယ်။

ရခိုင်တွေရဲ့ အမျိုးသားရေးအမြုတေဟာ ဟိုးနှစ်ပေါင်းများစွာကတည်းက၊ “ကလလရည်ကြည်” ပဋိသန္ဓေတည်ခဲ့ပြီးသား အမျိုးသားရေးမျိုးစေ့ ဖြစ်ပါတယ်။ အခုဆိုရင် တစ်စုံတစ်ရာအတိုင်းအတာအထိ ပေါက်ရောက်ကြီးထွား၊ သီးပွင့်နေနိုင်ပြီးဖြစ်တဲ့ အမျိုးသားရေးသစ်ပင်တစ်ခု ဖြစ်နေပါပြီ။ သို့သော်လည်း တာဝန်က မပြီးဆုံးသေးပါ။ ဆက်လက်ပြီး သီးပွင့်ဖို့ဆိုတာထက်၊ မျိုးစေ့ ဖြန့်ချိရေးနဲ့ အမျိုးသားရေးပျိုးပင်တွေ အပြိုင်းအရိုင်း အားကောင်းမောင်းသန် ပေါက်ရောက်ဖို့ လိုနေပါသေးတယ်။ ဒါမှ သစ်တော သစ်အုပ်ကြီးသဖွယ် ကြီးမားကျယ်ပြန့်နိုင်ပါတယ်။ သို့မဟုတ်ရင်တော့ ဒီနေရာမှာတင် ရပ်နေနိုင်ပါတယ်၊ တန့်နေနိုင်ပါတယ်။

သစ်တောသစ်အုပ်ကြီးသဖွယ် ပြန့်နှံ့ကျယ်ပြောဖို့ ဆိုရင် လိုအပ်ချက်တွေ ပိုလာပါတယ်။ အထူးသဖြင့် ဒီလို လိုအပ်ချက်တွေထဲမှာ၊ အမာထည်ဆန်တဲ့အရာတွေထက် အပျော့ထည်သဘောသက်ရောက်နိုင်တဲ့လိုအပ်ချက်တွေ ခပ်များများ ပိုလိုအပ်တယ်လို့ ယူဆပါတယ်။ ဒီနေရာမှာ အမျိုးသားရေးဆိုတာကို အနက်အဓိပ္ပာယ်ဖွင့်ချင်ပါတယ်။

အမျိုးသားရေးဆိုတာ -

- သွေးသားဇီဇမျိုးနွယ်အရသော်လည်းကောင်း၊
- ဒေသအားဖြင့်သော်လည်းကောင်း
- ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာအားဖြင့်သော်လည်းကောင်း၊
- ဘာသာစကားအရသော်လည်းကောင်း၊
- ကိုးကွယ်ယုံကြည်မှုအရသော်လည်းကောင်း၊
- နိုင်ငံရေးအရသော်လည်းကောင်း၊

သိုင်းဝိုင်းတည်ဆောက်ထားတဲ့ လူမှုအသိုက်အမြုံစက်ဝန်းကြီးတစ်ခုဖြစ်ပါတယ်။ ဒါကို လူမှုစိတ်ပညာအရ ပေါင်းစည်းဖြစ်တည်နေတဲ့အရာတွေ များစွာ ရှိကြောင်း ပြောချင်ပါတယ်။ ရခိုင်တွေရဲ့ အမျိုးသားရေးအမြုတေကို ကိုယ်စားပြုထားတာက နိုင်ငံရေးပါတီတစ်ခုကလည်း ဖြစ်ချင်ဖြစ်မယ်၊ သို့တည်းမဟုတ် ရခိုင်လက်နက်ကိုင်အင်အားစုတစ်ခုကလည်းဖြစ်ချင် ဖြစ်နိုင်တယ်။ အထူးသဖြင့် နိုင်ငံရေးအရ သိုင်းဝိုင်းတည်ဆောက်ထားမှုကို၊ ရက္ခိုင်တပ်တော်က ဦးဆောင်နေတယ်လို့ လောလောဆယ်အားဖြင့် ယူဆထားလို့ ရနိုင်ပါတယ်။ ဒါဟာ လက်နက်ကိုင်အဖွဲ့က ဦးဆောင်တဲ့ နိုင်ငံရေးတည်ဆောက်မှုဖြစ်လို့၊ အမာထည်ကနေ ဆင်းသက်တယ်လို့ ပြောနိုင်ပါတယ်။ အနာဂတ်မှာ အကောင်အထည်ဖော်မယ့် ရခိုင်တွေရဲ့ အိပ်မက်အတွက် - အမာထည်တစ်ခုကိုသာ

တည်ဆောက်လို့ မရပါဘူး။ ယဉ်ကျေးမှုအားဖြင့် အနုပညာအားဖြင့် ဓလေ့ထုံးတမ်းအစဉ်အလာအားဖြင့် ကျယ်ပြန့်တဲ့ဆက်ဆံရေးတစ်ရပ်ကို ထူထောင်နိုင်မှ၊ တည်ဆောက်နိုင်မှ ကျေးဇူးပြုထောက်ပံ့အား ပိုကောင်းမယ်လို့ ထင်ပါတယ်။ ဒီအတွက် ဘာလုပ်ဖို့ လိုပါသလဲ။

အမျိုးသားရေးစိတ်ဆိုတာဟာ သွေးသားတော်စပ်မှုအရ ရှိနေပြီးသားဖြစ်ပါတယ်။ မွေးလာကတည်းက နဂိုဗီဇ ခေတ်ခံမှာ ပါလာပြီးသားဖြစ်ပါတယ်။ ဒါကို ဘယ်လို ပုံဖော်ယူမလဲ၊ ဘယ်လို ပုံဖော်ယူသလဲဆိုတာနဲ့ပဲ သက်ဆိုင်ပါတယ်။

အလွှာသုံးခု၊ အဝန်းအဝိုင်း သုံးခုရှိတယ်လို့ ယေဘုယျ တွက်ဆနိုင်ပါတယ်။

(၁) ပြည်နယ်တွင်းက ရခိုင်အမျိုးသားရေးအင်အားစုတွေ
(၂) နိုင်ငံအတွင်းပျံ့ကျဲနေထိုင်နေတဲ့ရခိုင်လူမျိုးတွေ
(၃) ပြည်ပရောက်ရခိုင်ဆွေမျိုးစုတွေ - ဖြစ်ပါတယ်။

ပြည်နယ်တွင်းက ရခိုင်အမျိုးသားရေးအင်အားစုတွေ

ပြည်နယ်ဆိုတာ ဒေသကို အခြေခံပြီး ပြောဆိုသုံးနှုန်းတာဖြစ်ပါတယ်။ အမျိုးသားရေးအင်အားစုတွေကို ပထဝီအရ မကွာခြားအောင် ဒေသတွင်းမှာ စုစည်းထားနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ အထူးသဖြင့် မိသားစုတွေ အတူတစ်အိမ်တည်းမှာ နေကြတယ်။ တစ်ဝန်းထဲမှာ နေကြတယ်။ တစ်ခြံတည်းမှာ အတူနေကြတယ်။ တစ်ရွာတည်းမှာ အတူနေကြတယ် - ဆိုတဲ့သဘောအနက်ဖြစ်ပါတယ်။ မြင်ပါများရင် ချစ်ခင် ကြင်နာတတ်ကြ၊ သံယောဇဉ်တွယ်တတ်ကြတာမို့၊ ဒေသအားဖြင့် မဝေးကွာဘဲ ပြည်နယ်အတွင်းမှာ အတူ မှီတင်းနေထိုင်နိုင်ခြင်းဟာ အမျိုးသားရေးဝိသေသအတွက် အထူး အားသာချက်ဖြစ်ပါတယ်။ ဒါကို အမျိုးသားရေးအမြုတေအင်အားစုက ဆက်လက်စည်းနှောင်ဖို့ ဖြစ်ပါတယ်။ ဒါဟာ တည်ဆဲ လုပ်ဆောင်နေတဲ့အရာတွေလည်း ဖြစ်ကောင်းဖြစ်မှာပါ။

အတူတစ်အိမ်တည်း၊ တစ်ရွာတည်း၊ ဒေသတစ်ခုတည်း ဆက်စပ်ပြီး စုပေါင်းနေထိုင်သူတွေအတွက်ကတော့ ထူးထွေသော အကြောင်း မရှိပါ။ ကိုယ့်မိသားစု ၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်ဓလေ့၊ ကိုယ့်အစဉ်အလာ၊ ကိုယ့်ကိုးကွယ်ယုံကြည်မှုနဲ့ ကိုယ့်ယဉ်ကျေးမှုအတိုင်း စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းကြဖို့သာ ဖြစ်ပါတယ်။ ရိုးရာအားဖြင့် မပျက်ကွက်ခြင်းကတော့ အမျိုးသားရေးတည်ဆောက်မှုမှာ အင်မတန်အရေးကြီးတဲ့အရာလို့ ပြောချင်ပါတယ်။

နိုင်ငံအတွင်းပျံ့ကျဲနေထိုင်နေတဲ့ ရခိုင်လူမျိုးတွေ

အကြောင်းအမျိုးမျိုးကြောင့် ပြည်နယ်အတွင်းမှာ မနေထိုင်ဖြစ်ဘဲ၊ ဒေသအသီးသီး ၊ ပြည်နယ်အသီးသီး၊ တိုင်းဒေသကြီး အသီးသီးကို ပျံ့နှံ့နေထိုင်နေတဲ့ ရခိုင်လူမျိုးတွေ ရှိပါတယ်။ အမျိုးသားရေးစိတ်ဆိုတာကို မိသားစုစိတ်၊ ဆွေမျိုးသွေးချင်းစိတ်တွေလို့ ယေဘုယျယူဆနိုင်ပါတယ်။ ထိုနည်းလည်းကောင်း ဇာတိ၊ ပဝတ္တိကို ချစ်ခင်

မြတ်နိုးတဲ့စိတ်လို့လည်း နားလည်နိုင်ပါတယ်။ ဒေသအားဖြင့် ကွဲကွာနေတဲ့ ရခိုင်လူမျိုးတွေကို ရခိုင်အမျိုးသားရေး အမြုတေအင်အားစုက ဘယ်လို ဆွဲညှို့နိုင်မလဲ။ ဘယ်လို နည်းအားဖြင့် ဆွဲဆောင် စည်းရုံးနိုင်မလဲ။

မီးဝေးရင် ချိပ် မာ … သတဲ့။ အနေဝေးရင် သွေးအေးတယ်ဆိုတဲ့ စကား ရှိပါတယ်။ အနေဝေးပေမယ့် တို့သွေးမအေးဘူး ဟေ့ … လို့ ဘယ်လိုပဲ မာန်တင်းမာန်တင်း ယဉ်ကျေးမှုရဲ့သဘောက ဝေးလေလေ၊ ဖျော့တော့လေလေ ဖြစ်တာမို့ အမျိုးသားရေးသံလိုက် ဓာတ်ဟာ ဝေးကွာရင် ဝေးကွာသလောက် ဆွဲအား မရှိနိုင်ပါ။ ဒါကို ထည့်သွင်းစဉ်းစားဖို့ဖြစ်ပါတယ်။ ဒါကို ဘယ်လို ချည်းကပ် အဖြေရှာမလဲ။ အဖြေက အမာထည်သဘော မဟုတ်ပါ။ soft power ကို တတ်နိုင်သရွေ့ ခပ်များများ ဖြန့်ကျက် တည်ဆောက်ဖို့ ဖြစ်ပါတယ်။

အမျိုးသားရေးတည်ဆောက်မှုတွေမှာ၊ soft power ရဲ့ စွမ်းအားကို အထင်မသေးဖို့ ဖြစ်ပါတယ်။ ရခိုင်တွေဟာ ရှေးနှစ်ပေါင်းထောင်ချီကတည်းက ယဉ်ကျေးမှုအရ မြင့်မားနေပြီးသား လူမျိုးစုဖြစ်ပါတယ်။ ကိုးကွယ်ယုံကြည်မှု အရ ၊ မြန်မာတွေထက်တောင် ပိုရှေ့ကျပါတယ်။ ယဉ်ကျေးမှုအနုလက်ရာတွေကို တတ်မြောက်တဲ့နေရာမှာလည်း အစဉ်အလာအားဖြင့် ကောင်းမွန်တဲ့သမိုင်းအမွေကို ပိုင်ဆိုင်ပြီးသားဖြစ်ပါတယ်။ ထုံးတမ်းအစဉ်အလာအရလည်း ခိုင်မာကျစ်လစ်တဲ့ ယဉ်ကျေးမှုဓလေ့ကို တည်ဆောက်ထားနိုင်ပြီးသားဖြစ်ပါတယ်။ ဒီနေ့ခေတ် ဂလိုဘယ်လိုက်ဖေး ရှင်းဖြစ်နေတဲ့အခြေအနေမျိုးမှာ၊ ခေတ်ပေါ်နည်းပညာရပ်တွေနဲ့ အဝေးက ပျံ့ကျဲနေထိုင်နေတဲ့ အမျိုးသားရေးစိတ် တွေကို စနစ်တကျ ပြန်လည် စုစည်းကြဖို့ ဖြစ်ပါတယ်။ ဒါဟာ စာပေ - ယဉ်ကျေးမှု - အနုသုခမတွေနဲ့ သက်ဆိုင် နေပါတယ်။

ဒီနေရာမှာ တည်ဆဲလုပ်ငန်းစဉ်တွေ ရှိကောင်းရှိနေနိုင်ပါတယ်။ သို့သော်လည်း ဒီလုပ်ငန်းစဉ်တွေကို အလွတ် သဘောတည်ဆောက်တာမျိုး မဟုတ်ဘဲနဲ့ သေချာ စနစ်တကျ ပေါ်လစီတစ်ခုအကောင်အထည်ဖော်သလို၊ ကြီးမှူး ဖို့၊ ဦးဆောင်ဖို့၊ ဆော်ဩတိုက်တွန်းလှုံ့ဆော်ဖို့ ဖြစ်ပါတယ်။ သို့မဟုတ်ရင်တော့ ဒေသအရ ကင်းကွာခြင်းဟာ အမျိုးသားရေးစိတ်ကို ဖျော့တော့စေကြောင်း သတိချပ်စေလိုပါတယ်။

ပြည်ပရောက်ရခိုင်ဆွေမျိုးစုတွေ

နိုင်ငံအတွင်းမှာကို မဟုတ်ဘဲ ပြည်ပနိုင်ငံတွေမှာ ဖြန့်ကျက်နေထိုင်နေတဲ့ ရခိုင်တွေ ရှိပါတယ်။ ဒါကိုလည်း အာရုံ မပျက်ဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ - တရုတ်တွေရဲ့ ကျင့်ထုံးတချို့ကို လေ့လာစေချင်ပါတယ်။ ပြည်ပရောက် တရုတ်လူမျိုးတွေကို တရုတ်ကွန်မြူနစ်ပါတီ (တနည်း) တရုတ်နိုင်ငံတော်အစိုးရဟာ ဘယ်လို သဘောထားပါ သလဲ၊ ဘယ်လိုအမြင်မျိုးနဲ့ လက်ကမ်းသလဲ၊ ထိတွေ့သလဲ၊ ချိတ်ဆက်သလဲ၊ ဆက်ဆံရေးတစ်ရပ်ခိုင်မာအောင် ဘယ်လို မီဒီယံမျိုးကို ကြားခံထားပြီး တရုတ်အမျိုးသားရေးစိတ်ကို တည်ဆောက်ပါသလဲ။ ရခိုင်တွေအတွက် လေ့လာစရာတွေ ရှိနိုင်မယ်ထင်လို့ လက်တို့လိုက်ရပါတယ်။

နိုင်ငံတကာမှာ ပျံ့နှံ့ရောက်ရှိနေတဲ့ ရခိုင်ဆွေမျိုးစုတွေမှာ၊ ဇာတိအားဖြင့် လူမျိုးချစ်စိတ် နိုင်ငံချစ်စိတ် တိုင်းချစ် ပြည်ချစ်စိတ် ရှိထားပြီးသားဖြစ်ပါတယ်။ သို့သော်လည်း အမျိုးသားရေးစိတ်ဆိုတာ အကြောင်းတိုက်ဆိုင်မှ ပေါ်လာတတ်ပါတယ်။ သာမန်အားဖြင့် ငုပ်လျှိုးနေတတ်တဲ့သဘော ရှိပါတယ်။ တိမ်နေတာ မြုပ်နေတာတွေကို

ဘယ်လို ပြန်ဖော်မလဲဆိုတာ စဉ်းစားဖို့ ဖြစ်ပါတယ်။ အကယ်၍ စဉ်းစားပြီးရင်လည်း လက်တွေ့အကောင် အထည် ဖော်ကြဖို့ ဖြစ်ပါတယ်။ လက်တွေ့အကောင်အထည်ဖော်ရင်လည်း၊ soft power ကို ကျယ်ကျယ်ပြန့်ပြန့် သုံးကြဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ - စစ်ရေးအားဖြင့် နိုင်ငံရေးအားဖြင့် မစွမ်းနိုင်တာတွေ ရှိပါတယ်။ နိုင်ငံရေးအားဖြင့် မစွမ်း နိုင်တာတွေကို - စာပေ - ယဉ်ကျေးမှု - အနုပညာ - သီချင်း၊ ဂီတ တွေကို သုံးပြီးတော့ ပြည်ပရောက် ရခိုင်အမျိုးသား ရေးစိတ်တွေကို ပြန်လည် ညှို့ယူကြဖို့ ဖြစ်ပါတယ်။

နိဂုံး

နိဂုံးအနှစ်ချုပ်အနေနဲ့ သတိချပ်စရာတွေတော့ ရှိနိုင်ပါတယ်။ အမျိုးသားရေးဆိုတာ အသွားနှစ်ဖက်ပါတဲ့ ဓားသွားနဲ့ တူပါတယ်။ အပျက်ကို ဆောင်တဲ့ အမျိုးသားရေးလျှောက်လမ်း ရှိတယ်။ အပြုသဘော၊ အဖြစ်သဘော၊ တည်ဆောက်မှုသဘောကို ဆောင်တဲ့ အမျိုးသားရေးလျှောက်လမ်း ရှိပါတယ်။ တတ်နိုင်သရွေ့ မျက်တောင်မွေး တစ်ဆုံး မကြည့်ပဲ၊ မျက်စိတစ်ဆုံးကြည့်ပြီး အမျိုးသားရေးညှို့ဓာတ်ရဲ့ ပြင်းအားကို ဖြည့်ဆည်းဖို့ ဖြစ်ပါတယ်။ ရေရှည်သဘောကြည့်မြင်ပြီး၊ နောင် ဖြစ်လာလတ္တံ့သော နှစ်ပေါင်း (၅၀) ၊ (၁၀၀) ကို မျှော်ကြည့်ပြီး စုပေါင်း သိုင်းဝိုင်းတည်ဆောက်နိုင်ကြဖို့ ဖြစ်ပါတယ်။

မင်းသေ့

နေ့လယ် ၂း၂၉

၇ ၊ နိုဝင်ဘာ၊ ၂၀၂၁။

မြန်မာပြည်မြေပုံသစ် အလားအလာနဲ့ ရက္ခိုင်နိုင်ငံတော်

ဆောင်းပါးအကျဉ်းချုပ်။ ။ ဤဆောင်းပါးသည် ဖြစ်လာလတ္တံ့သော မြန်မာပြည်ရဲ့ နိုင်ငံရေး၊ စစ်ရေးအပြောင်းအလဲ အရ နောင် ဆယ်စုနှစ်နှင့် ၂၁ ရာစုအလယ်ပိုင်း (၂၀၅၀ ခုနှစ်) ကာလအတွင်း ဖြစ်လာနိုင်ချေရှိသော မြန်မာပြည် မြေပုံသစ်အလားအလာကို ခန့်မှန်းတွက်ဆ၍ တင်ပြထားသော ဆောင်းပါးတစ်ပုဒ်ဖြစ်ပါသည်။ ဤခန့်မှန်းတွက်ဆ မှု၌၊ ရက္ခိုင်လူမျိုးတွေရဲ့ ခွဲထွက်ရေးအာဂျင်ဒါ (တနည်း) ရက္ခိုင်နိုင်ငံတော်ထူထောင်မှု မြေပုံသစ် တည်ဆောက်မှု အတွက် အားသာချက်တချို့ကို ရေးသားတင်ပြထားပါသည်။

နိဒါန်း

တော်လှန်ရေးတွေကြောင့်၊ နိုင်ငံရေးကြောင့်၊ စစ်ပွဲတွေကြောင့် ကမ္ဘာ့မြေပုံအပြောင်းအလဲဖြစ်ခဲ့တာ ဟိုးလွန်ခဲ့သော နှစ်ပေါင်း ထောင်ချီကတည်းကဖြစ်ပါတယ်။ ပြီးခဲ့တဲ့ (၂၀) ရာစုထဲမှာတောင် များပြားစွာသော မြေပုံအပြောင်းအလဲ

တွေနဲ့ နိုင်ငံတွေဟာ ကြုံတွေ့ခဲ့ရတယ်။ ဥရောပမှာဆိုရင် ဖြစ်ပျက်ခဲ့တဲ့ မြေပုံအပြောင်းအလဲတွေက ဒုနဲ့ ဒေး။ ထိုနည်းလည်းကောင်း ခေတ်ဟောင်းထဲ မရောက်သေးတဲ့ ကမ္ဘာ့နိုင်ငံရေးသမိုင်းထဲက ပထမကမ္ဘာစစ်နဲ့ ဒုတိယ ကမ္ဘာစစ်တွေကို ကြည့်ရင်လည်း မြေပုံအပြောင်းအလဲတွေ အများအပြား ဖြစ်ခဲ့တာပဲ။ ယခု အင်အားကြီး အနောက် နိုင်ငံတွေလို့ ပြောတဲ့ ဥရောပက နိုင်ငံတွေ ကြုံခဲ့ပြီးသားပဲ။

ဆိုဗီယက် - အိန္ဒိယ - တရုတ်

ဒီနေရာမှာ နိုင်ငံငယ်လေးတွေ မပြောနဲ့ နိုင်ငံကြီးတွေဖြစ်တဲ့ ဆိုဗီယက်ယူနီယံဟာ စစ်အေးကာလနိဂုံးအဆုံးသတ် ကာလမှာ ကြီးကြီးကျယ်ကျယ် မြေပုံအပြောင်းအလဲ ဖြစ်ခဲ့တာပဲ။ ထိုနည်းလည်းကောင်း၊ မြန်မာပြည်နဲ့ အနီးကပ်ဆုံးဖြစ်တဲ့ အိန္ဒိယကို ကြည့်မလား။ ကိုလိုနီခေတ်မြေပုံအပြောင်းအလဲကို မပြောသေးဘူး။ ဒုတိယကမ္ဘာ စစ်အပြီး အိန္ဒိယတိုက်ငယ်အတွင်းမှာ၊ ဟိန္ဒူနဲ့ မွတ်ဆလင် လူ့အဖွဲ့အစည်းအကြား မစေ့စပ်နိုင်လို့ ကွဲထွက်သွားတဲ့ မြေပုံအပဲ့ကြီးဟာ ကြီးကြီးမားမား။ ပါကစ္စတန်ဟာ အိန္ဒိယနဲ့ ၁၉၄၇ ခုနှစ်မှာ ခွဲထွက်တယ်။ ဘင်္ဂလားဒေ့ရှ်ဟာ ၁၉၇၁ ခုနှစ်မှာ ခွဲထွက်တယ်။ သွေးချောင်းစီးပွဲတွေကို ကာဆီးဖို့ မြေကို အပဲ့ခံလိုက်ရတာပဲ။ အလားတူပဲ တရုတ် လည်း ဘာထူးသလဲ။

ပီအာစီ နဲ့ ထိုင်ဝမ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမထူထောင်ခင် (PRC) ၁၉၄၉ ခုနှစ်ရှေ့ပိုင်းမှာ ရွှေ့နေတဲ့ နိုင်ငံရေးမြေပုံ၊ စစ်ရေးမြေပုံတွေက အမြောက်အမြားပါပဲ။ တရုတ်ဟာ ဗြိတိသျှနိုင်ငံတစ်ခုတည်းရဲ့ ကိုလိုနီအဖြစ် မခံရပဲ၊ တခြားသောနယ်ချဲ့ကိုလိုနီနိုင်ငံတွေရဲ့ ဝေခြမ်းခွဲဝေမှုကို ခံရဖို့ တရုတ်နိုင်ငံဟာ မြေပုံတွေ အစိတ်အစိတ် အဖြာဖြာ ဖြစ်ခဲ့တယ်။ တရုတ်ပြည်ရဲ့ ပဒေသရာဇ်၊ ကေရာဇ် စစ်မင်းတွေ လက်ထက်တွေကိုလည်း ကြည့်လိုက်ပါအုံး။ ဖြစ်ပျက်ခဲ့တဲ့မြေပုံအပြောင်းအလဲတွေဟာ ဒုနဲ့ ဒေး။ တရုတ်သမိုင်း ပညာရှင်တွေတောင် ဒီမြေပုံအပြောင်းအလဲတွေကိုမမှတ်မိနိုင်လောက်အောင် များပြား ရှုပ်ထွေးခဲ့တယ်။ တရုတ်နီနဲ့ တရုတ်ဖြူတို့အကြား ပြည်တွင်းစစ်ကလည်းတရုတ်နိုင်ငံရဲ့မြေပုံအပြောင်းအလဲကို ဖြစ်စေခဲ့တယ်။ တရုတ်ပြည်မကြီးနဲ့ ထိုင်ဝမ်တရုတ်တို့ရဲ့ မြေပုံဟာ အခုထိခြားနေသေးတယ်။ ဒါတောင် ပြည်မကြီးက ဟောင်ကောင်နဲ့ မကာအိုတို့ကို ပြန်ပြီးပိုင်ဆိုင်ထားနိုင်လို့ တော်သေးတယ်။ သို့သော်လည်း ဟောင်ကောင်နဲ့ မကာအိုတို့ကို တရုတ်ကွန်မြူနစ်အစိုးရဟာ နယ်မြေအရ ပိုင်စိုးထားပေမယ့် ၊ ယဉ်ကျေးမှုအရ အုပ်ထိန်းနိုင်လို့လား။ မအုပ်ထိန်းနိုင်ပါဘူး။ ဒီဆိပ်ကမ်းမြို့ကြီးတွေက တရုတ်လူထုဟာ နိုင်ငံရေးအရ မလွတ်လပ်ပေမယ့်၊ ယဉ်ကျေးမှု အရ လွတ်လပ်နေတယ်။ အတွေးအခေါ်အရ လွတ်မြောက်နေတဲ့သူတွေဖြစ်တယ်။

ဘယ်သူ အတပ်ဟောနိုင်သလဲ

မြန်မာပြည်ဟာလည်း ၂၀၃၀ လောက်မှာ ဖြစ်ဖြစ်၊ ၂၀၅၀ ခုနှစ်လောက်မှာ ဖြစ်ဖြစ် လက်ရှိတည်ဆဲမြေပုံအတိုင်းဖြစ်မယ်လို့ ဘယ်သူ ပြောနိုင်သလဲ။ ဘယ်ပညာရှင် အတပ်ဟောကိန်းထုတ်နိုင်သလဲ။ မရေရာတဲ့ အခြေအနေမျိုးမှာ၊ မြန်မာပြည်ဟာ ဖြစ်ချင်တာတွေ အကုန်ဖြစ်သွားနိုင်သလို၊ ထင်မှတ်မထားတာတွေလည်း အများကြီးဖြစ်နိုင်တယ်။ ပဒေသရာဇ်ခေတ်တွေတုန်းကလည်း မြန်မာပြည်ရဲ့ မြေပုံအပြောင်းအလဲဟာ စစ်ဘုရင်တွေရဲ့ အင်အားဖြည့်ဆည်းမှုအလိုက် ပြောင်းလဲနေကြတာပါပဲ။ တရုတ်က စီးနင်းဝင်ရောက်လို့၊ မွန်ဂိုတာတာတွေက စီးနင်းဝင်ရောက်လို့ မြန်မာပြည် မြေပုံအပျက်ဖြစ်ခဲ့တာတွေလည်း ခေတ်ဟောင်း ပဒေသရာဇ်သမိုင်းမှာ အထင်အရှားပဲကြုံခဲ့ပြီးပါပြီ။

လတ်တလောသမိုင်း

ကိုလိုနီနယ်ချဲ့ဝင်လာတော့လည်း၊ မြန်မာပြည်ဟာ ၁၈၂၆ ခုနှစ်မှာ မြေပုံအပြောင်းအလဲ ဖြစ်တယ်။ ၁၈၅၂ ခုနှစ်မှာ မြေပုံအပြောင်းအလဲ ဖြစ်ပြန်တယ်။ ၁၈၈၆ ခုနှစ်ကျတော့ မြန်မာပြည်ရဲ့ မြေပုံအပြောင်းအလဲဟာ အားလုံးအိတ်သွန်ဖာမှောက် ပြောင်းလဲတဲ့အထိဖြစ်တယ်။ “ခွဲရေးတွဲရေး” ကာလရောက်တော့ မြေပုံအပြောင်း အလဲထပ်ဖြစ်ပြန်တယ်။ အင်္ဂလိပ်အထွက်၊ ဂျပန်အဝင်မှာလည်း မြေပုံတွေ ပြောင်းလဲပြန်တယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ လူမျိုးစုခေါင်းဆောင်တွေဟာ ညီညွတ်ခဲ့ကြလို့ “ပင်လုံစာချုပ်” နဲ့ မြေပုံအပြောင်းအလဲဖြစ်ခြင်းကနေ ကာကွယ်နိုင်ခဲ့တယ်။ သို့သော်လည်း အခြေအနေအရ ဆွဲစေ့၊ စွဲကပ်ထားတဲ့ ပုံစံသာဖြစ်တယ်။ တကယ်ပေါင်းစည်းမှုမျိုး မဖြစ်ခဲ့ဘူး။ နောက်ပိုင်းမှာ စစ်အစိုးရအဆက်ဆက်က “holding together”

လုပ်ပြီး အတင်းအကျပ်စုစည်းခဲ့လို့ ၊ ယခုတည်ဆဲမြေပုံဖြစ်နေတယ်။ ဒါတောင် ပါလီမန်ခေတ်နှောင်းပိုင်းမှာ၊ တရုတ်နဲ့ မြန်မာနယ်စပ် စည်းကိစ္စကို ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့လို့ တော်သေးတယ်။ သို့မဟုတ်ရင် တရုတ်နဲ့ မြန်မာအကြားမှာလည်း မြေပုံမျဉ်းဟာ အတည်တကျ မဖြစ်ဘဲ၊ နယ်နိမိတ်ကျူးကျော်ခုခံတဲ့စစ်ပွဲတွေ ဆင်နွှဲနေရ အုံးမယ် ထင်တယ်။

မြေပုံအပြောင်းအလဲအတွက် အပံ့အပိုး

တော်လှန်ရေးတွေဟာ မြေပုံအပြောင်းအလဲကို ဖြစ်စေလိမ့်မယ်။ နိုင်ငံရေးတွေဟာ မြေပုံအပြောင်းအလဲကို ဖြစ်စေလိမ့်မယ်။ စစ်ပွဲတွေဟာ မြေပုံအပြောင်းအလဲကို ဖြစ်စေလိမ့်မယ်။ မြန်မာပြည်ရဲ့ မြေပုံသမိုင်းကို အထူးလေ့လာရင် သိပ်ကောင်းမယ်။ လေ့လာပြီးသားတွေ ရှိကောင်းရှိနိုင်ပေမယ့်၊ သိပ်များများစားစား ရှိဟန်မတူဘူး။ လူထုကလည်း ကျယ်ကျယ်ပြန့်ပြန့် သိနားလည်တဲ့သဘော မရှိဘူး။

ကိုရီးယား - ဗီယက်နမ် - မလေးရှား - စင်္ကာပူ

ကမ္ဘာ့နိုင်ငံရေးချိန်ခွင်လျှာ အပြောင်းအလဲကြောင့် ပြောင်းလဲခဲ့တဲ့ မြေပုံဟောင်းတွေ ရှိတယ်။ နိုင်ငံတွင်း နိုင်ငံရေး အင်အားစုတွေကြောင့် အသစ်ပေါ်ထွန်းလာတဲ့ မြေပုံသစ်တွေ ရှိတယ်။ ကိုရီးယားဟာ ထင်ရှားသော သာဓကပဲ။ ၃၈ - မျဉ်းပြိုင်နဲ့ ခွဲခြားပိုင်းဖြတ်ထားခြင်းခံရတဲ့ မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယားဟာ အခုထိ မြေပုံအသစ်မှာ နေထိုင်ကြတဲ့သူတွေပဲ။ ဒါတောင် ဗီယက်နမ်က ဟိုချီမင်းရဲ့ ကျေးဇူး၊ ဗီယက်ကောင်းတွေရဲ့ ကျေးဇူးနဲ့ တောင်ဗီယက်နမ် မြောက်ဗီယက်နမ် ဖြစ်မသွားတာ။ စစ်အေးခေတ် အာဏာအားပြိုင်လွန်ဆွဲပွဲမှာ၊ တဒင်္ဂပြောင်းလဲခဲ့တဲ့ မြေပုံသစ်ကို ဟိုချီမင်းက ဆွဲစေ့နိုင်ခဲ့တယ်။ မလေးရှားနဲ့ စင်္ကာပူရဲ့ မြေပုံအပြောင်းအလဲကို တစ်ချက်ကြည့်။ ၁၉၆၅ ဩဂုတ်လ ၉ ရက်နေ့မှာ မလေးရှားမြေပုံအပြောင်းအလဲဖြစ်တယ်။ စင်္ကာပူဟာ နိုင်ငံသစ်အနေနဲ့ ပေါ်ထွန်း လာတယ်။ တည်ဆဲ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ အင်ဒိုချိုင်းနားဒေသတွေမှာ မြေပုံအပြောင်းအလဲဖြစ်ခဲ့ဖူးတဲ့ နိုင်ငံတွေ ချည်းပဲ။ အဲသည့်အထဲမှာလည်း မြန်မာပါတယ်။ မြန်မာအတွက် မြေပုံအပြောင်းအလဲကိစ္စဟာ မထူးဆန်း ဘူးလို့ ပြောနိုင်တယ်။ သို့သော်လည်း တချို့တွေ အတွက်တော့ ထူးဆန်းနိုင်တယ်။

မြေချစ်အမျိုးသားရေးဝါဒီ

မြန်မာပြည်မှာ၊ "တို့မြေကို တစ်လက်မမှ အကျူးကျော်မခံ" မြေချစ်အမျိုးသားရေးဝါဒီတွေနဲ့ "လွတ်လပ်မှုနဲ့ တန်းတူညီမျှမှုမှ မပေးရင်ခွဲထွက်မယ်ဆိုတဲ့" ဖက်ဒရယ်လစ်ဝါဒီတွေအကြား စစ်ပွဲတွေ ပြင်းထန်လာလိမ့်မယ်လို့ တွက်ဆရတယ်။ သို့သော် အမျိုးသားရေးဝါဒီတွေနဲ့ ခွဲထွက်ရေးဝါဒီတွေအကြား စစ်ရေးပဋိပက္ခရှိပေမယ့်၊ ခွဲထွက်ရေးအာဂျင်ဒါ ထိပ်ဆုံးတက်လာရလောက်အောင် မကျယ်လောင်သေးဘူး။ ဒီအသံဟာ သိပ်မကြာခင်နှစ် ကာလတွေအတွင်းမှာ ကျယ်ကျယ်လောင်လောင် ကြားရလိမ့်မယ်လို့ ယူဆရတယ်။ အထူးသဖြင့် ဖက်ဒရယ်လစ် ဝါဒီတွေထဲမှာ ဘယ်လူမျိုး၊ ဘယ်ပြည်နယ်က စပြီး စွန့်ဦးတီထွင် ရှေ့ဆောင်မယ်လို့ ယူဆရပါသလဲ။ "ရခိုင်" ဖြစ်ဖို့ များပါတယ်။ "ရခိုင်" ဖြစ်ဖို့ အလားအလာရှိပါတယ်။

ရက္ခိုင်နိုင်ငံတော်

ရခိုင်တွေမှာ အိပ်မက်လည်း ရှိထားပြီးပြီ။ လက်တွေ့ အကောင်အထည်ဖော်နိုင်စွမ်းလည်း အလုံအလောက် ဖြည့်ဆည်းထားပြီးပြီ။ ဒီနေရာမှာ ပထဝီနိုင်ငံရေးအရ ရခိုင်က အားသာချက် ရှိနေသလို၊ ပထဝီစီးပွားရေးအရလည်း အနာဂတ်နိုင်ငံတော်အတွက် အတော်အလားအလာ ရှိတဲ့ ဒေသဖြစ်တယ်။ လက်ရှိ ရခိုင်မှာ စစ်ရေးနဲ့ နိုင်ငံရေးကို ဦးဆောင်နေတာက "ရက္ခိုင့်တပ်တော်" ဖြစ်ပါတယ်။ ရက္ခိုင့်တပ်တော် (အေအေ) ဟာ မြန်မာပြည်လူမျိုးစု လက်နက်ကိုင်အဖွဲ့တွေထဲမှာ သက်တမ်းအနုဆုံး အဖွဲ့လို့ ပြောနိုင်တယ်။ နောက်ကျမှ မွေးတယ်ပေါ့။ နောက်ကျမှ မွေးတဲ့သူကို "နွားအိုနောက်ကျသား" (စကားချပ် - ဒီစကားလုံးဟာ နှိမ်ချသောအသုံးမဟုတ်) လို့ ပြောလို့ ရပေမယ့်၊ အဲသည့် "အငယ်ဆုံးကလေး" တွေကပဲ ရှေ့လူတွေကို ကျော်ပြီး ထူးချွန်ပေါက်မြောက်သွားကြတာ ထုံးစံပဲ။

အချိန်လက်ကျန်တွေ အများကြီး

နောက်ထပ်ကြည့်လိုက်ရင်လည်း ဖက်ဒရယ်လစ်ဝါဒီတွေထဲမှာ - ကွန်ဖက်ဒရေးရှင်းကို စအော်တာ၊ ရခိုင်က ဖြစ်ပါတယ်။ ၂၁ ရာစုဟာ ပြီးစီးဖို့ လိုပါသေးတယ်။ ရက္ခိုင့်တပ်တော်ကို ဦးဆောင်နေတဲ့ ဗိုလ်ချုပ် ထွန်းမြတ်နိုင်နဲ့ ဒေါက်တာညိုထွန်းအောင်တို့ကို ကြည့်။ သူတို့ဟာ အခုမှ အသက် (၄၀) ဝန်းကျင်လောက်ပဲ ရှိသေးတဲ့ လူလတ်ပိုင်းတွေ။ အချိန်တွေ အများကြီး ကျန်သေးတယ်။ သူတို့ရဲ့ ရက္ခိုင်အိပ်မက်ကို အကောင်အထည်ဖော်ဖို့ သဘာဝက အချိန်လက်ကျန်တွေ အများကြီးပေးထားတယ်။ လက်ရှိအချိန်ကို နောက်ထပ် နှစ် (၃၀) ပေါင်းထည့်ကြည့်။ ၂၀၅၀ ခုနှစ်လောက်အတွင်းမှာ၊ မြန်မာပြည်ဟာ တည်ဆဲမြေပုံအတိုင်း ဆက်ရှိနေနိုင်မယ်လို့ ဘယ်သူ တပ်အပ်ပြောနိုင်သလဲ။

သေနတ်က မလုပ်နိုင်ဘူး

တည်ဆဲမြေပုံကို မပဲ့မကြွေတည်တံ့အောင် လုပ်တဲ့နေရာမှာ၊ စစ်ရေးအင်အားနဲ့ချည်း တည်ဆောက်လို့ မရဘူး ဆိုတာ "နလပိန်းတုံး" တွေ မသိဘူး။ ယဉ်ကျေးမှုအရ ဆွဲကပ်မှုတွေ၊ အမျိုးသားရေးအရ သိမ်မွေ့စွာ တည်ဆောက်ရမယ့်အပိုင်းတွေ အများကြီး ပါဝင်နေတယ်။ အမာထည်ပိုင်းမှာ တည်ဆောက်ရသလို၊ အပျော့ထည်ပိုင်းမှာလည်း လူမျိုးရေးကော်စေး၊ လူမှုကော်စေးနဲ့ စီးပွားရေးကော်စေး၊ နိုင်ငံရေးကော်စေးတွေကို "ကပ်အား" ပိုကောင်းအောင် လုပ်ဆောင်ကြရတယ်။ ဒါကို လက်နက်က မလုပ်နိုင်ဘူး။ သေနတ်က မလုပ်နိုင်ဘူး ဆိုတာ နားလည်အပ်တယ်။ သေနတ်သာ အခရာ၊ လက်နက်သာပဓာနဆိုတဲ့ ကိုယ့်မြေတစ်လက်မမှ အပဲ့ကြွေ မခံ ဆိုတဲ့ အမျိုးသားရေးဝါဒီတွေက၊ အကျိုးစီးပွားကျေးကျွန်ဖြစ်ပြီး အိမ်ကြီးပေါ် အိမ်ငယ်ဆောက်ပြီး၊ တရုတ်ရဲ့ ကျူးကျော်မှုကို လက်သင့်ခံအားပေးနေသူတွေဆိုတာ ဘယ်သူ သတိထားမိသလဲ။

စစ်မျက်နှာပေါင်းစုံ ဖွင့်နေရ

လက်ရှိမြန်မာပြည်မှာ နိုင်ငံရေးအပြောင်းအလဲသက်သက်သာ ဖြစ်နေတာ မဟုတ်ပါဘူး။ နိုင်ငံရေးအပြောင်းအလဲနဲ့ အတူ စစ်ပွဲတွေ စတင်လာပြီ။ တိုက်ပွဲတွေ ပြင်းထန်လာပြီ။ တော်လှန်ရေးကလည်း တောင်ပေါ်မြေပြန့်မခွဲဘဲ၊ တညီတညွတ်တည်းနီးပါး အပြောင်းအလဲဖြစ်နေတယ်။ လက်ရှိ မြန်မာစစ်တပ်ဟာ စစ်ရေးအရ၊ နိုင်ငံရေးအရ၊

စီးပွားရေးအရ၊ နိုင်ငံတကာသံခင်းတမန်ခင်းအရ --- နေရာအားလုံးကို အာရုံစိုက်နေရလို့၊ နေရာအားလုံးမှာ အားလျော့နေတယ်။ စစ်ရေးမှာဆိုရင် မြို့ကြီးနဲ့ မြို့နယ်တွေ၊ နယ်မြို့တွေ၊ ကျေးလက်ဒေသက မြို့ငယ်တွေ။ နယ်စပ်၊ တောင်ပေါ်၊ မြေပြန့်၊ မြေလတ်၊ တောင်တန်းဒေသ -- အားလုံးမှာ “စစ်ပူ” နေလို့၊ စစ်မျက်နှာစာအားလုံး ကို ဖွင့်နေရတယ်။ စစ်မျက်နှာတွေ ဖွင့်တိုက်ရတာများလေလေ၊ စစ်ရေးအင်အားနိမ့်လေလေဆိုတာဟာ လူပိန်းတောင် သိတယ်။ ဒီတော့ ဒီအခွင့်အရေးဟာ နွေဦးတော်လှန်ရေးအင်အားစုတွေအတွက် တကယ့်အားသာချက်ဖြစ်သလို၊ ဖက်ဒရယ်လစ်ဝါဒီတွေနဲ့ ခွဲထွက်ရေးဝါဒီတွေအတွက် အခွင့်ကောင်းပဲ ဖြစ်တယ်လို့ ပြောရင်ရတယ်။ ဒီအခွင့်ဟာ နှစ်ခါမရဘူးလို့လည်း ဆိုင်ရာလူမျိုးစုခေါင်းဆောင်တွေက သိနားလည်ထားပြီးဖြစ်တယ်။ သို့သော်လည်း ကာယကံ မြောက် လုပ်ဆောင်မှုတွေကိုတော့ များများစားစား မတွေ့ရသေးပါ။ နောင်လာမယ့်ကာလတွေမှာ တွေ့ရလိမ့်မယ် လို့လည်း တွက်ဆရပါတယ်။

လွတ်လပ်ခွင့်ပေးမလား - မြေပုံကို အပဲ့ခံမလား

ဗမာအင်အားစုတွေထဲမှာတောင် အယူအဆတချို့ ထိုးထွက်လာတာတွေ့ရတယ်။ လွတ်လပ်ခွင့်မှ မရင် ခွဲထွက်ကြ ရုံပေါ့…တဲ့။ လွတ်လပ်ခွင့်၊ တရားမျှတမှုနဲ့ တန်းတူညီမျှခွင့်ကို ပေးမလား၊ မြေပုံကို အပဲ့ခံမလား။ နှစ်ခုတည်းက တစ်ခုရွေး။ အဲသည့်နှစ်ခုစလုံးထဲက တစ်ခုမှလည်း မပေးချင်ဘဲ၊ လက်နက်ဝါဒီ၊ အမျိုးသားရေးဝါဒီလာလုပ်လို့ ကတော့ - ခား ခားချင်း၊ လုံ့လုံ့ချင်း ဆိုတဲ့ အယူအဆတွေ ခေတ်ထနေပါကြောင်း တင်ပြလိုက်ရပါတယ်။

ဘယ်သို့ဘယ်ပုံ စခန်းသွားကြမလဲ -- ၂၁ ရာစု နှောင်းပိုင်းလောက်အထိ ကြည့်ခွင့်ရမယ့်သူတွေ အခု မွေးဖွားနေ သလို၊ ၂၁ ရာစု အလယ်ပိုင်း (၂၀၅၀) လောက်အထိ ကြည့်မြင်ခွင့်ရမယ့်သူတွေ ခပ်များများ ရှိနေပါတယ်။ လာမယ့် ဆယ်နှစ်အတွင်း (၂၀၃၀) လောက်မှ ဖြစ်ပျက်မယ့် လတ်တလော အခင်းအကျင်းတွေလည်း များစွာ မြင်နေရ ပါတယ်။

မင်းသော့

နွေလယ် ၁း၀၄

၂၀ ၊ နိုဝင်ဘာ၊ ၂၀၂၁။



ရက္ခိုင်တို့၏ သဘောထား

အိမ်သားတွေနဲ့ စကားကြော မတည့်ရင်၊ အမွေခွဲမယ်

“ကိုယ့်တစ်အိမ်သားတွေနဲ့ စကားကြောမတည့်ရင်တော့၊ အိမ်ပြင်က မိတ်ဆွေတွေနဲ့ စကားဝိုင်းဖွဲ့ရမှာပေါ့…”။ တစ်အိမ်တည်းသားချင်းတွေ ဘာသာစကားခြားမနေဖို့က အဓိက အရေးကြီးတဲ့အချက်လို့ ထင်ပါတယ်။ သို့သော် လည်း တစ်ပေါက်တည်းဆင်းခဲ့လို့သာ ညီအစ်ကို တော်နေရတယ်၊ ဓာတ်ခံချင်းက ခြားနားနေတယ်၊ စိတ်ဓာတ်ချင်း ကလည်း မတူဘူး၊ တစ်ဦးပေါ် တစ်ဦးလည်း နားလည်မှု မပေးဘူး။ အိမ်မှာ ငါ အကြီးပဲကွ၊ ငါ အစ်ကိုကြီးပဲကွ၊ အိမ်ရဲ့ စားအိုးကို ငါက ထိန်းထားရတာကွ၊ ဒီတော့ ငါထားရာနေ၊ ငါ စေရာသွား၊ မင်းတို့ ငါ့သဘောမပါဘဲ လုပ်ချင်ရာ လုပ်လို့ မရဘူး…. လို့ ကန့်သတ်ဟန့်တားထားပြီး၊ ညီအစ်ကိုအချင်းချင်း လေးစားမှု မရှိ၊ ငဲ့ညှာမှု မရှိ၊ ငါ တကောကောနေတဲ့ အိမ်သားချင်း တစ်ယောက်ယောက်ရှိနေရင်တော့၊ ဒီအိမ်ထဲမှာ စကားကြော မတည့်နိုင်ပါ။ လေပေးလည်း မဖြောင့်နိုင်ပါ။ ဒီတော့ ရှင်းရှင်းလင်းလင်းပါပဲ။ ရပ်ထဲရွာထဲမှာ မိတ်သစ်ဆွေသစ် ရှာရတော့မှာပေါ့။ ကိုယ်နဲ့ တစ်ပေါက်တည်းဆင်းခဲ့လို့သာ ညီအစ်ကိုတော်နေရတယ်၊ အစ်ကိုကြီး အဖရာလို့ ဆိုပေမယ့်၊ ထိုက်တန်တဲ့ အရည်အချင်း မရှိ၊ ညီငယ် နမအပေါ်မှာ နိုင့်ထက်စီးနင်းလုပ်နေရင်တော့ “ခင်ရာ ဆွေမျိုး၊ မြိန်ရာ ဟင်းကောင်း” ပါပဲ။

ကိုယ်နဲ့ သွေးသားတော်စပ်နေပေမယ့် သူစိမ်းလောက်တောင်မှ မကောင်းနိုင်တဲ့ ဆွေမျိုးတွေကို တွေ့ဖူးကြမှာပါ။ ကြုံဖူးကြမှာပါ။ ကျနော်ကတော့ "ခင်ရာ ဆွေမျိုး၊ မြိန်ရာ ဟင်းကောင်း" လို့ပဲ မှတ်ယူပါတယ်။ သူစိမ်းတွေ ဖြစ်ပေမယ့်၊ ညီအစ်ကိုတွေထက်တောင် ရင်းနှီးတယ်၊ ခင်မင်တယ်၊ ယုံကြည်ရတယ်၊ အနစ်နာခံတယ်၊ တစ်ဦး အကျိုး တစ်ဦးလိုလားတယ်။ ဒါဆိုရင် ညီအစ်ကိုတွေပဲပေါ့။ သွေးချင်းတွေပဲပေါ့။ မိတ်ဆွေတွေပဲပေါ့။ ကလျာဏ မိတ္တပဲပေါ့။ "ခင်ရာ ဆွေမျိုး၊ မြိန်ရာ ဟင်းကောင်း" ပါပဲ။

ကျနော်တို့ဟာ ရှင်သန်ဖို့အတွက် လက်တွေ့ကျကျ လုပ်ဆောင်ရပါလိမ့်မယ်။ တစ်ဖက်မှာလည်း၊ ဆွေမျိုးရင်းခြာဆို ပြီး ကိုယ့်အပေါ် မှီခိုကပ်ရပ်နေတာ၊ အချင်းချင်းပဲကွာ စိတ်ဆိုးလည်း ခဏပါဆိုပြီး၊ နိုင့်ထက်စီးနင်းလုပ်တာတွေကို ကြုံဖူးခဲ့ကြပါတယ်။ ဖြစ်နိုင်ရင်တော့ တစ်အိမ်ထဲနေသူတွေ အချင်းချင်း သင့်တင့်စွာ ပေါင်းဖက်လိုပါတယ်။ ရိုင်းပင်း စွာ ကူညီလိုပါတယ်။ ရင်းနှီးစွာ ချစ်ခင်လိုပါတယ်။ သို့ပေမယ့်.... ဒီတစ်အိမ်တည်းမှာ အတူ ငြိမ်းချမ်းစွာ မနေနိုင် အောင် အမျိုးမျိုး အနှောက်အယှက်ပေး၊ ဗိုလ်ကျ၊ ငါ တကောကော၊ စိတ်ဒုက္ခပေး၊ အနိုင်ကျင့်ပြီး ပူဆူနေရင်တော့ ဒီအိမ်ဟာဘယ်တော့မှ မငြိမ်းချမ်းနိုင်ပါ၊ ဒီအိမ်ဟာဘယ်တော့မှ မအေးချမ်းနိုင်ပါ။ ညီငယ်ဖြစ်သူတွေ၊ ညီမ နှမ ဖြစ်သူတွေက ကောင်းကောင်း မွန်မွန် ဆက်ဆံစေချင်တယ်၊ တစ်ဖက်မှာလည်း သူတို့ ဘဝ တက်လမ်းအတွက် ကြိုးစားချင်တာတွေ ရှိတယ်။ အရွယ်ရောက်ပြီးသူတွေဖြစ်လို့ လူ့သဘာဝ လွတ်လပ်စွာ နေမယ်၊ ထိုင်မယ်၊ လွတ်လပ်စွာ ပြောဆိုမယ်၊ သွားလာမယ်။ ကိုယ်လေ့လာသင်ယူချင်တာကို လေ့လာချင်တယ်၊ ကိုယ်ခင်မင်တဲ့ သူငယ်ချင်းတွေနဲ့ ပေါင်းဖက်ချင်တယ်။

ဒီသဘာဝကို နားမလည်ဘဲ၊ ငါ ထားရာမှာ နေရမယ်။ ငါ စေရာကို သွားရမယ်။ မင်းတို့ ဘာမှ စောဒက တက်ခွင့် မရှိဘူး။ မင်းတို့ ဘာမှ လုပ်ခွင့်ကိုင်ခွင့် မရှိဘူးလို့ ယူဆပြီး လက်ဝါးကြီးအုပ်လွှမ်းမိုး ခြယ်လှယ်ဗိုလ်ကျထားရင် တော့၊ ဒီအိမ်မှာ အခန်းပြောင်းပြီးလည်း မအိပ်ချင်ပါ။ အဖီထိုးပြီးလည်း မနေနိုင်ပါ။ တစ်အိုးတစ်အိမ် ထူထောင်ရပါ လိမ့်မယ်။

အိမ်တစ်အိမ်မှာ နွေးထွေးမှု ရှိရမယ်။ အေးချမ်းမှု ရှိရမယ်။ လွတ်လပ်မှု ရှိရမယ်။ နွေးထွေးအေးချမ်း လွတ်လပ်သော မိသားစု အသိုက်အမြုံဖြစ်ရပါလိမ့်မယ်။ အဲသည်လို အမျိုးမျိုးနဲ့ အဘက်ဘက်က အတန်တန် ကြိုးစားပါသော်လည်း၊ ဘယ်လိုမှ မဖြစ်နိုင်တော့ရင်တော့ သွေးသားတော်စပ်တယ်ဆိုရင်လည်း မမှုပါ။ ဆွေမျိုး တော်တယ်ဆိုရင်လည်း ဘိုင့်ဘိုင်ပါ။ "ခင်ရာ ဆွေမျိုး၊ မြိန်ရာ ဟင်းကောင်း" ပါ။ ရွှေရှိမှ အမျိုးတော်ချင်သူတွေနဲ့ အတူမနေနိုင်ပါ။ စိတ်ဒုက္ခပေးနေတဲ့ အိမ်သားချင်းတွေနဲ့ အတူမနေနိုင်ပါ။ တစ်အိုးတစ်အိမ် ထူထောင်ရပါလိမ့်မယ်။

အိမ်သစ်ဆောက်တဲ့အခါ အိမ်တက်မင်္ဂလာ လုပ်ပါမယ်။ ရပ်ကွက်ထဲက အိမ်နီးနားချင်းတွေကို ဖိတ်မယ်။ သူတို့တတွေ အိမ်တက်မင်္ဂလာပွဲကို လာရောက်ပြီးတော့၊ ချီးမြှင့်ပါလိမ့်မယ်။ ရပ်ကွက်ထဲမှာ မိတ်ဆွေသစ်တွေဖွဲ့ဖို့ သိပ်မခဲယဉ်းပါ။ အိမ်သစ်တက်ပွဲကို ကြိုဆိုကြပါလိမ့်မယ်။ အိမ်ကတော့ အိမ်နဲ့ တူအောင် ဆောက်ရပါလိမ့်မယ်။ အိမ်နဲ့ တူသော နွေးထွေးအေးချမ်းလွတ်လပ်တဲ့ အသိုက်အမြုံလေး ဖြစ်ရပါလိမ့်မယ်။

အိမ်သစ်တည်ဖို့ မြေကွက်လိုရင်တော့ အမွေခွဲရမှာပေါ့။ ဒီအိမ်သားထဲက တစ်ယောက်ဖြစ်တဲ့ ငါက အမွေဆိုင်ခွင့်တော့ ရှိတယ် မဟုတ်လား။ ရှိကို ရှိရလိမ့်မပေါ့။

မင်းသေ့

ည ၉း၂၉

၅၊ မတ်လ၊ ၂၀၂၂။

ရက္ခိုတလမ်းစဉ်ဖြင့် အစဉ်တစိုက်လျှောက်လှမ်းနေသော ရက္ခိုင့်နိုင်ငံတော်အိပ်မက် အလျင်အမြန် ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်ပါစေ .... ဟု

ရည်မျှော်လျက်

မင်းသေ့

၉ ၊ မေ၊ ၂၀၂၂။